# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာဇက်စတန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင်ကျရောက်သော ကာဇက်စတန် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ နာရ်ဆူလ်တန်၊ အေ၊ နာဇာဗာယက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## (၆၁)နှစ်အတွင်း ကုလသမဂ္ဂကြီးသည် ပြောင်းလဲမှုများ၊ အသစ်အသစ်ဖြစ်ရပ်များကို ရင်ဆိုင်နိုင်ခဲ့ ကုလသမဂ္ဂကြီးကို ပြင်ဆင်ဖွဲ့စည်းမှုများပြုလုပ်ရာ၌ လုံခြုံရေးကောင်စီကိုလည်း ပြုပြင်ဖွဲ့စည်းမှုပြည့်စုံမှာဖြစ် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် လုပ်ပိုင်ခွင့်အပြည့်အဝအပ်နှင်းထားသည့် လုံခြုံရေးကောင်စီသည် ပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများနှင့်အညီ လုပ်ဆောင်ရန်လိုအပ်သလို အားနည်းသည့်နိုင်ငံများ၏ သဘောထားကို လက်ခံကြားနာပြီး အကောင်အထည်ဖော်ပေးသည့်နေရာဖြစ်သင့်

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အစိုးရခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ 

***စာမျက်နှာ ၈ ကော်လံ ၁***



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ်(၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနား၌ ခင်းကျင်းပြသထားသော ဆုရစာစီစာကုံးများ၊ ပိုစတာများ၊ ပန်းချီကားများနှင့်ကုလသမဂ္ဂ ပြန်ကြားရေးဌာန၏ ပိုစတာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုဆိုလျှင် မည်သူက မည်သည့်နေရာ၌ မဆို မည်သည့်အကြောင်းပြချက်ဖြင့် မည်သည့်ပုံစံအခြေအနေမျိုးဖြင့်ဖြစ်စေ ကျူးလွန်ခြင်းကို ရှုတ်ချ၊ မြန်မာလူမျိုးများသည် ပင်ကိုသဘာဝအရရော၊ ယဉ်ကျေးမှုအရပါ အကြမ်းဖက်မှုကို လုပ်ဆောင်လေ့မရှိ၊ အကြမ်းဖက်မှုကို တိုက်ဖျက်ရေးအတွက် လက်တွေ့လုပ်ငန်းစဉ်များ အားကောင်းလာစေရန် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရုပ်လုံးဖော်ရာမှာ မြန်မာနိုင်ငံက အခြားနိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

25-10 (01) 1 10/25/06, 2:20 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

# စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် လူနေမှုမြင့်မားရေး သယံဇာတအရင်းအမြစ်များ အကျိုးရှိရှိ ထုတ်လုပ်အသုံးချ

နိုင်ငံတော်တစ်ဝန်း နယ်မြေဒေသများအားလုံး တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

ကချင်ပြည်နယ်သည် ရေ၊ မြေ သဘာဝသယံဇာတပေါကြွယ်ဝပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည်။ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များ၊ တိုင်းရင်းသား ပြည်သူများ၏ ညီညွတ်မှုစွမ်းအားဖြင့် ပြည်နယ်အတွင်း စီးပွားရေးတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ကချင်ပြည်နယ်အတွင်း လမ်းသစ်၊ တံတားသစ်များကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ မန္တလေး-မြစ်ကြီးနား ရထားလမ်းကို တိုးတက်ကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း၌ ရွှေဘို-မြစ်ကြီးနားကားလမ်း၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း၌ စီးပွားရေးနှင့် ကူးသန်းဆက်သွယ်သွားလာရေးအတွက် အရေးပါသော လမ်းများဖြစ်သည့် တကောင်း-ရွှေကူ-ဗန်းမော်ကားလမ်းတို့ကို ဖောက်လုပ်ပေးခဲ့သည်။

ထို့ပြင် တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး လုံခြုံချောမွေ့စေရေး အတွက် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ နမ့်မြစ်ခ၊ မလိယန်၊ နန်ဆန်ယန်၊ မိုးလဲ၊ တာပိန်၊ တဘက်ချောင်းနှင့် နမ္မတီးတံတားတို့ကို တည်ဆောက်ပေးခဲ့သည်။

ထို့အတူ မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်နှင့် ပူတာအိုလေဆိပ်တို့ကို အဆင့်မြင့်တိုးချဲ့တည်ဆောက်ပေးခဲ့ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။

ယခုအခါ ပြည်နယ်အတွင်း စပါး၊ ကော ငါးသိန်းကျော် စိုက်ပျိုးနိုင်လျက်ရှိရာ ဒေသဆန်ဖူလုံရုံမျှမက ပိုလျှံစွာထွက်ရှိနေပြီဖြစ်သည်။ မိုးစပါး၊ နွေစပါး၊ ရော်ဘာ၊ ကြံ၊ ငရုတ်ကောင်း၊ တညင်း၊ ထောပတ်စသည့် သီးနှံများနှင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ကြက်ဆူပင်များကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ကြရမည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသားပြည်သူများက ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှု ရလဒ်ကောင်းများကို အလေးထား ထိန်းသိမ်းကြပြီး ဒေသ၏စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာရေးအတွက် ဒေသ၏ သဘာဝသယံဇာတ အရင်းအမြစ်များအား အကျိုးရှိရှိ ထုတ်လုပ်အသုံးချသွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၄

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၀၆-၂၀၀၇ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကားပြောကြားသည်။**

### အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စီမံကိန်းညွှန်ကြားရေးမှူးများက သတ်မှတ်ကာလအတွင်း ပြီးစီးရန် မိမိတို့စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် လိုအပ်ချက်များကို စီမံကိန်းတစ်ခုချင်းအလိုက် အသေးစိတ်ရှင်းလင်းတင်ပြကြရာဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားကြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ တာဝန်ရှိသူများက စက်ရုံအလိုက်ဓာတ်အားထုတ်လုပ်ရန် သတ်မှတ်လျာထားချက်၊အမှန်တကယ် ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ ဓာတ်အားပေးစက်များ၏ အခြေအနေ၊ ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းမှုစသည်တို့ကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေး အထွေထွေမန်နေဂျာနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းများ၊ စက်ရုံများနှင့် ပတ်သက်၍ လိုအပ်သည်များကို ထပ်မံဖြည့်စွက် ဆွေးနွေးတင်ပြသည်။

### ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးက လိုအပ်သည်များ အကျယ်တဝင့် ဆွေးနွေးမှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရိပ်သာ အမှတ်-၇၀(အီး)နေ ဦးကိုကိုထူး-ဒေါ်စန္ဒာအောင် သားမောင်မင်းသီဟထူး၊ သမီး မဆုသီရိထူးမိသားစုတို့က မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# ဘီးလင်းကျောင်းတိုက် မဟာဘုံကထိန်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ (၅၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၂၉ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင်ကျင်းပမည်ဖြစ်သည်။ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ဝေဠုဝန်) ဝေဠုဝန်နိကာယ ဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထား၍ သံဃာတော်များအား ကထိန်သင်္ကန်းနှင့် ဆွမ်းစသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ **(၁၂၉)**

## မြဝတီရုပ်မြင်သံကြား

**၂၅-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"သားကောင်းမိခင်"** (အပိုင်း-၃) **(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း** လွင်မိုး၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ ပန်းဖြူ၊ သက်မွန်မြင့်၊ **ဒါရိုက်တာ-**အကယ်ဒမီပန်းချီစိုးမိုး
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း-၃)



**မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို အောက်တိုဘာ ၂၃ရက်က အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း တွင်ကျင်းပရာမြို့နယ်ပညာရေးမှူးကိုယ်စား အလက(၁) ကျောင်းအုပ်ဆရာကြီးဦးအေးကျော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြမြ နှင့် အမက(၃)ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (၂၅၉)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၆)
- ၇:၁၅ တေးဂီတအစီအစဉ်
- ၇:၂၀ နိုင်ငံတကာအနုပညာရေးရာ
- ၇:၄၅ တေးဂီတအစီအစဉ်
- ၇:၅၀ စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း-၂)
- ၈:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဒေါက်တာ အေးကျော်နှင့် တွေ့ဆုံခြင်း)
- ၈:၅၀ တစ်ကိုယ်တော် တေးစုကဏ္ဍ(၂)
- ၉:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ Midweek Sports News
- ၉:၃၅ မိုးလေဝသခန့်မှန်းချက်
- ၉:၄၀ လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ (အမျိုးသမီးကလေးများ သင်တန်းကျောင်း)
- ၉:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၀၅ လေးဖက်နာရောဂါဆိုတာ (အပိုင်း-၁)
- ၁၀:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ Myanmar Video Rhythm
- ၁၁:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၅ နို့ထွက်ပစ္စည်းထုတ်ကုန် မြင့်မားဖို့ ကြိုးစားကြပါစို့
- ၁၁:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ အရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# အုတ်ဖိုမြတ်စွယ်တော် အပူဇော်ခံပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် အုတ်ဖိုမြို့ ဓမ္မာရုံသာသနာ့ဗိမာန်တော်ကြီးတွင် ၁၂၅၂ ခုနှစ်မှ စတင် ကိန်းဝပ်စံပယ်တော်မူသော (၁၁၆) ဝါတော်ပြည့် ဗုဒ္ဓမြတ်စွယ်တော် (၁၃) ကြိမ်မြောက် အပူဇော်ခံပွဲကို မြတ်စွယ်တော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကဦးစီး၍ နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်မှ လပြည့်ကျော် ၁ရက်)အထိ ငါးရက်တိုင်တိုင် ဇာတ်ပွဲ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတဖျော်ဖြေပွဲ၊ ခြင်းအလှခတ်ပွဲများဖြင့် ကျင်းပပူဇော်မည်ဖြစ်ရာ ဈေးဆိုင်အဟောင်း၊ အသစ်များသည် အုတ်ဖိုဓမ္မာရုံ သာသနာ့ဗိမာန်တော် ဂေါပကအဖွဲ့ရုံးတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**



**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြရာ နံနက် ၉ နာရီ ၃၅ မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြသည်။

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guang lieဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများက အနီးစခန်းလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့စစ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

## ရှင်းလင်းပြသ

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အင်္ဂလိပ်စာဌာန လက်ထောက်ကထိက ဗိုလ်မှူးမြင့်ဇေယျက ကျောင်း၏ သမိုင်းကြောင်း၊ သင်ကြားနေသည့် ဘာသာရပ်များနှင့် ကျောင်းသားများအား စာပေဆိုင်ရာနှင့် လေ့ကျင့်ရေးဆိုင်ရာသင်ကြားပေးနေသည့် အစီအစဉ်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie သည် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးပြီး စစ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကာ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် စစ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာ တက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဧည့်သည်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရေကြောင်းအင်ဂျင်နီယာဌာနမှ ဌာနမှူး ယာယီဒုတိယ ဗိုလ်မှူးကြီး ဇော်ဝင်းက တပ်မတော်နည်းပညာ တက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် General Liang Guanglie သည် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုး၍ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ ရောက်ရှိကြရာ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် Buggy Car များဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းနှင့် နန်းမြင့် မျှော်စင်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမောင်ချစ်က လိုက်လံရှင်းလင်းပြသသည်။

## လက်ဆောင်ပစ္စည်းပေးအပ်

ယင်းနောက် ဧည့်သည်တော် General Liang Guang lie သည် အမျိုးသားကန်တော်ကြီးဥယျာဉ် Club House ရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဥယျာဉ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်က မြနန်းစံကျော် ရွှေနန်းတော်၏ နောက်ခံ



**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားကာ သမိုင်းဝင်ဓာတ်ပုံများနှင့် မင်းခမ်းတော် အသုံးအဆောင် ဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် General Liang Guanglie သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆီမီးနှင့် ပန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဧည့်သည်တော် General Liang Guanglie သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ မန္တလေးမြို့၏ နေဝင်ဆည်းဆာအလှနှင့် ရှုခင်းအလှတို့ကို ကြည့်ရှုကြသည်။



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## တည်ခင်းဧည့်ခံ

ညပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးတောင်ခြေရှိ Mandalay Hill Resort Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်းနှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုကဇာတ်ဌာနခွဲမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ဧည့်သည်တော် General Liang Guanglie နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် ချစ်ကြည်ရေးခရီးစဉ်အမှတ်တရအဖြစ် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြကာ ဧည့်သည်တော် General Liang Guanglie က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

## ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန်အတွက် ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quan နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်း၊ ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်နှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie နှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းများအလိုက် လှည့်လည် ရှင်းလင်းပြသကြသည်။

## ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဧည့်သည်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိကြပြီး ၂၀၀၆ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်စိမ်းတွဲများကိုလည်းကောင်း၊ ပြည်ပရတနာ ကုန်သည်များအား ကျောက်စိမ်းတွဲများကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်ဖြင့် ရောင်းချနေမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ဗီယက်နမ်မှ ဆန်တန်ချိန် တစ်သန်းကျော် လာမည့်နှစ်တွင် တင်ပို့ရန်မျှော်မှန်း

ဟန်နွိုင်း အောက်တိုဘာ ၂၄

**ဗီယက်နမ်နိုင်ငံအနေဖြင့် လာမည့် ၂၀၀၇ ခုနှစ် ပထမသုံးလအတွင်း ဆန်တန်ချိန်တစ်သန်းကျော် ပြည်ပသို့တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်း အလားတူကာလတွင် ဆန်တန်ချိန် ၁၀ဒသမ ၁ သန်းကျော်တင်ပို့ခဲ့ကြောင်းဖြင့် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၀ ရက်က ထုတ်ပြန်ကြေညာသည်။**

ဗီယက်နမ် ဆန်ထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် ၂၀၀၇ ခုနှစ် ပထမသုံးလအတွင်း အင်ဒိုနီးရှားသို့ ဆန်တန်ချိန် ၂၀၀၀၀၀ မှ ၂၅၀၀၀၀ နှင့် ဖိလစ်ပိုင်သို့ ဆန် တန်ချိန် ၈၀၀၀၀၀ မှ ၉၀၀၀၀၀ တင်ပို့ရန် သဘောတူ လက်မှတ်ရေးထိုးပြီး ဖြစ်သည်။

**ထုတ်ပြန်**

လာမည့်နှစ်တွင် ကုန်ပစ္စည်းဝယ်လိုအားများပြားလာမှုနှင့် သဘာဝအပျက်အစီးများကြောင့်ဆန်စပါးအဓိကတင်ပို့သူများ နည်းလာကာ ကမ္ဘာ့ဆန်ဈေးနှုန်း တက်လာဖွယ်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။

**တင်ပို့**

ယခုနှစ် ပထမကိုးလအတွင်း တွင်ပြည်ပသို့ ဆန်တင်ပို့မှု ၄ ဒသမ ၁သန်းတန်တင်ပို့ခဲ့ရာ နှစ်ချင်းအလိုက် လျော့ကျမှု ၈ဒသမ၄ ရာခိုင်နှုန်းနှင့် ၇ဒသမ၂ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ် အထွေထွေစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



ဂျပန်နိုင်ငံတောင်ပိုင်း ယိုကိုဟားမားမြို့တွင် ပြုလုပ်သည့် ၂၀၀၆ ကမ္ဘာ့မော်တော်ကားဆိုင်ရာ ညီလာခံ၌ဟီတာချီကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသည့် စက်ရုပ်များကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## ဖူကျန်းပြည်နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

**ဖူကျင်း အောက်တိုဘာ ၂၄**

တရုတ်(တိုင်ပေ) အရှေ့တောင်ပိုင်းရှိ ဖူကျင်းပြည်နယ်တွင် အောက်တိုဘာ ၁၉ ရက်က ယာဉ် ဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုမှာ ဖူရင်းအဝေးပြေးလမ်းမကြီးပေါ်တွင် အရှိန်ပြင်းစွာမောင်းနှင်လာသော ကုန်တင်ကားတစ်စီးကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းယာဉ်တိုက်မှုကြောင့် ရှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ လူနာတင်ယာဉ်တစ်စီးအပါအဝင် ယာဉ်စုစုပေါင်း ၂၁ စီးပျက်စီးသွားခဲ့ပြီး နာရီပေါင်းများစွာ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

ဖူကျင်းပြည်နယ်ရှိ ဖူရင်း အဝေးပြေး လမ်းမကြီးပေါ်တွင် ယာဉ် ဆင့်ကဲတိုက်မှုဖြစ်ပွားနေသည်ကို အောက်တိုဘာ ၂၂ ရက်က ဖယ်ရှားရှင်းလင်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



## ဘင်္ဂလားဒေ့ရှ်ရွာ၌ တောဆင်ရိုင်းများ ဝင်ရောက်ဖျက်ဆီး

**စစ်တကောင်း အောက်တိုဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းရှိ ရွာတစ်ရွာအား တောဆင်ရိုင်းများ အောက်တိုဘာ ၁၉ရက်က ဝင်ရောက်ဖျက်ဆီးခဲ့ရာ လူငါးဦး သေဆုံးသွားခဲ့ကြောင်း ဒေသခံများကပြောကြားသည်။

ဆင် ၁၀ ကောင်ခန့်ပါဝင်သော ဆင်အုပ်တစ်အုပ်သည် မြို့တော်ဒါကာ အရှေ့တောင်ဘက် ကီလိုမီတာ ၃၅၀ အကွာရှိ ဂျန်ဂါလ်ကွာနာရွာ အတွင်းရှိ ဝါးအိမ်များနှင့် ကောက်ပဲသီးနှံစိုက်ခင်းများကိုဝင်ရောက် ဖျက်ဆီးခဲ့ကြောင်း၊ ရွာသားများနှင့် ရဲတပ်ဖွဲ့ဝင်များက သစ်ခက်များကို မီးရှို့ပြီး ဖြောက်အိုးများဖောက်၍ ခြောက်လှန့်ခဲ့ရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးထပ်မံသေဆုံး ယခုလအတွင်း တပ်ဖွဲ့ဝင် စုစုပေါင်း ၈၁ ဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၂၄**

အီရတ်နိုင်ငံ၌ နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး အသတ်ခံရကြောင်း အမေရိကန် စစ်ဘက်က အောက်တိုဘာ ၂၂ ရက်က ကြေညာသည်။ ယခုလအတွင်းတွင် အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၈၁ ဦးအထိရှိသွားပြီ ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

**ပြောကြား**

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် စီးနင်းလာသည့် မော်တော်ယာဉ် ထိမှန်ကာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး အောက်တိုဘာ ၂၂ရက်က သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

**သေဆုံး**

အမေရိကန် တိုက်ခိုက်ရေးတပ်ရင်း ၅မှ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ အယ်အနန်ဘာပြည်နယ်တွင်း တိုက်ပွဲ၌ ရရှိခဲ့သော ဒဏ်ရာဖြင့် အောက်တိုဘာ ၂၁ရက်က သေဆုံးသွားသည်။

**ဒဏ်ရာရရှိ**

ဆာလာဟူဒင် ပြည်နယ်အတွင်း အောက်တိုဘာ ၂၁ရက်က ဖြစ်ပွားသော တိုက်ပွဲတွင် အမှတ် (၈၂) လေကြောင်းချီတပ်မ၊ အမှတ်(၃) တိုက်ခိုက်ရေးတပ်ရင်းမှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး၊ အခြားသုံးဦး ဒဏ်ရာရရှိသွားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဗြိတိန်နိုင်ငံသားများ စွမ်းအင်အဖြုန်းတီးဆုံးဖြစ်

**လန်ဒန် အောက်တိုဘာ ၂၄**

ဥရောပတိုက်၌ စွမ်းအင် အလဟဿ ဖြုန်းတီးမှုတွင် ဗြိတိန်နိုင်ငံသည် ထိပ်ဆုံးမှာရှိကြောင်း စွမ်းအင်ချွေတာရေးအဖွဲ့က ကြေညာသည်။

**ဖြုန်းတီးပစ်**

ဥရောပတိုက် တစ်နံတစ်လျားရှိ ပြည်သူ ၅၀၀၀ကို စွမ်းအင်ချွေတာရေး အဖွဲ့က ကွင်းဆင်းလေ့လာရာတွင် အခြားသော ဂျာမနီ၊ ပြင်သစ် စသည့်နိုင်ငံများထက် ဗြိတိန်နိုင်ငံက စွမ်းအင်အဖြုန်းတီးဆုံးဖြစ်သည်ကို တွေ့ရသည်။ မိုဘိုင်းလ်ဖုန်းသုံးစွဲရာတွင် လည်းကောင်း၊ မီးခလုတ်မပိတ်ဘဲ အခန်းတွင်းမှထွက်ခွာသွားကာ ပေါ့ပေါ့တန်တန် နေထိုင်တတ်သည့် အကျင့်အရ လည်းကောင်း ဗြိတိန်နိုင်ငံသားတို့က ရှေ့မှနေ၍ စွမ်းအင်ကို ဖြုန်းတီးပစ်သည်ဆို၏။

**တွက်ချက်ပြထား**

ထိုသို့သော အကျင့်စရိုက်ကြောင့် ဗြိတိန်နိုင်ငံသည် ၂၀၁၀ပြည့်နှစ် အရောက်တွင် စွမ်းအင်ဖြုန်းတီးမှုစရိတ် ပေါင်စတာလင် ၁၁ ဘီလီယံ အပိုကုန်မည်ဖြစ်ပြီး လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၄၃ သန်း ပိုထုတ်မည်ဟု တွက်ချက်ပြထားသည်။

**(အင်တာနက်)**



## အမေရိကန်နှင့် ထိပ်တိုက်ရင်ဆိုင်မည် ဗင်နီဇွဲလား ဆုံးဖြတ်ထားကြောင်း သမ္မတချာဗက်ဇ် ပြောကြား

ကရာကတ် အောက်တိုဘာ ၂၄

**ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်ဖြစ်ရေး အကြိမ်ကြိမ်မဲခွဲရာတွင် အမေရိကန်ထောက်ခံသည့် ဂွာတီမာလာ နိုင်ငံနောက်မှ လိုက်နေသည့်ကြားမှပင် ဗင်နီဇွဲလားနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီးအတွင်းတွင် ရည်မှန်းချက်ပြည့်စုံကြောင်းဖြင့် ဗင်နီဇွဲလားနိုင်ငံသမ္မတ ဟူဂိုချာဗက်ဇ်က အောက်တိုဘာ ၂၂ ရက်က ပြောကြားသည်။**

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသနိုင်ငံများအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင် တစ်နိုင်ငံ ရွေးချယ်ရေး တတိယနေ့အဖြစ် ပြီးခဲ့သည့် အောက်တိုဘာ ၁၉ ရက်က မဲခွဲဆုံး ဖြတ်သော်လည်း ကုလသမဂ္ဂ အထွေထွေညီလာခံအနေဖြင့် ရွေးချယ်မပေးနိုင်ဘဲ လိပ်ခဲတည်းလည်းဖြစ်နေသည်။ ထို့ကြောင့် လာမည့် အောက်တိုဘာ ၂၅ ရက်နေ့တွင် ထပ်မံမဲခွဲ ရွေးချယ်ရမည်ဖြစ်သည်။

**မဲခွဲ**

အောက်တိုဘာ ၁၉ ရက်က (၃၅)ကြိမ် မြောက်အဖြစ် မဲခွဲရာတွင် မည်သည့်နိုင်ငံမျှ ထောက်ခံမဲ ၁၂၃ မဲ မရရှိကြ၊ ဂွာတီမာလာနိုင်ငံက ထောက်ခံမဲ ၁၀၃ မဲရပြီး၊ ဗင်နီဇွဲလားနိုင်ငံက ထောက်ခံမဲ ၈၁ မဲသာ ရရှိခဲ့သည်။

**ပြောကြား**

မိမိနိုင်ငံကနောက်ဆုတ်ပေးမည် မဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံနှင့် ဆက်လက်၍ ထိပ်တိုက်တွေ့ဆုံရန် ဆုံးဖြတ်ထားကြောင်း သမ္မတ ချာဗက်ဇ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကာဇက်စတန်မယ်

**၂၀၀၆ ခုနှစ် ကာဇက်စတန် အလှမယ် သရဖူရရှိသွားသူ တစ်ဦးအား အောက်တိုဘာ ၂၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ပန်းတိုင်အထွက်တိုးသီးနှံများ လျာထားချက်ပြည့်မီရေး စွမ်းဆောင် လယ်ယာကဏ္ဍ ခေတ်မီတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် ခြိစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ကေပြည့်မီရေး စိုက်ပျိုး

နေပြည်တော် အောက်တိုဘာ ၂၄

**တနင်္သာရီတိုင်း မြိတ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှ မြိတ်-ပုလော-ထားဝယ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပုလောမြို့နယ် မန်ကျည်းကုန်းကျေးရွာ၌ ကျင်းပသော မိုးစပါးခေါင်နှံမျိုးရွေးချယ်နည်းနှင့် မျိုးကွဲစုပေါင်းနုတ်ပယ်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။**

## ရှင်းလင်းတင်ပြ

အစီအစဉ်အရ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးဆောင်ရွက်မှု၊ မြေယာတိုးချဲ့ဖော်ထုတ်မှုနှင့် နွေစပါးစိုက်ပျိုးရန် ကြိုတင်စီစဉ် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးတင်အောင်မြင့်က စပါးအထွက်နှုန်း တိုးတက်မြင့်မားစေသော ခေါင်နှံရွေးချယ်စိုက်ပျိုး ခြင်း၏ အကျိုးတရားများနှင့် ခေါင်နှံရွေးချယ်စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက တနင်္သာရီတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးဧကငါးသိန်း စိုက်ပျိုးဆောင်ရွက်နေမှုနှင့် အထွက်နှုန်း ကောင်းမွန်ရေးအတွက် စိုက်ပျိုးနည်းစနစ်မှ မှန်ကန်အောင် ဆောင်ရွက်ကြရေးတိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းအနေဖြင့် လယ်ယာကဏ္ဍတိုးတက်ရေးအတွက် ယခုနှစ်တွင် မိုးစပါးဧကငါးသိန်းနှင့် နွေစပါးဧကငါးသောင်းစိုက်ပျိုးရေး၊ ဆီအုန်းဧကငါးသိန်း၊ ရော်ဘာဧက နှစ်သိန်းပြည့်မီရေး၊ ခြံစည်းရိုးကြက်ဆူ ဧကငါးသိန်းစိုက်ပျိုးရေး၊ ငရုတ်ကောင်းဧက၃၆၀၄၁စိုက်ပျိုးရေးကိုလည်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## နည်းလမ်းလေးသွယ်

တိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် စပါးတိုးတက်ထုတ်လုပ်ရေးဆောင်ရွက်ရာမှာ မိုးစပါး၊ နွေစပါး အပါအဝင် ပန်းတိုင်အထွက်နှုန်းသီးနှံများကိုလည်း လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းလေးသွယ်ဖြစ်သည့် (၁) သီးနှံအလိုက် စိုက်စနစ်မှန်ကန်ရေး၊ (၂)သီးနှံအလိုက် အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ (၃) ဓာတ်မြေဩဇာနှင့် ဒေသထွက် မြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ (၄)ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးတို့ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဒေသဝမ်းစာ ဖူလုံရေးအတွက် စပါးတစ်ဧက အထွက်နှုန်း တိုးတက်ရေးသာမက စိုက်ဧရိယာတိုးချဲ့ရေးအတွက် မြေယာဖော်ထုတ်ရေးကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြေယာဖော်ထုတ်ခြင်းကို လှပ်မြေဖော်ထုတ်ခြင်း၊ မြေရိုင်းဖော်ထုတ်ခြင်း၊ တာပတ်ခြင်းနှင့် ခနိမှစပါးပြောင်းစိုက်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်း၊ သီးညှပ်စိုက်ပျိုးခြင်း နည်းလမ်းခုနစ်သွယ်ဖြင့် လျာထား ဧကပြည့်မီရန်သတ်မှတ်ချိန်အတွင်း ဖော်ထုတ်သွားရမည်ဖြစ်ပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်

လယ်ယာကဏ္ဍခေတ်မီတိုးတက်ရေးအတွက်လည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး မြေယာပြုပြင်ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းများလည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးသည်လည်း အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့်အတွက် လူတိုင်းတာဝန်ကိုယ်စီဖြင့် သတ်မှတ်ဧကပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် ကျေးရွာအလိုက် တာဝန်ယူဆောင်ရွက်သလိုကုမ္ပဏီများ၊ လူထုလူတန်းစား အဖွဲ့အစည်းများမှလည်း အားစိုက်ပါဝင် ဆောင်ရွက် ကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် သရုပ်ပြစိုက်ခင်း၌စိုက်ပျိုးထားသော ဆင်းသွယ်လတ်၊ ကျော်ဇေယျနှင့် ရွှေဝါထွန်းစပါးခင်းများအတွင်း မျိုးကွဲ စုပေါင်းနုတ်ခြင်း၊ သတ်မှတ်စိုက်ပေါင်များ၌ ခေါင်နှံမျိုးစိုက်ပျိုးခြင်း သရုပ်ပြသမှုများကို ကြည့်ရှုအားပေးသည်။

## လေလွင့်မှုသက်သာ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နိုင်ငံတော်၏အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော စပါးစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်သွားရေး၊ စပါးသီးနှံ လေလွင့်မှုကို သက်သာစေသော မောင်းညိုချိန်တွင် စပါးရိတ်သိမ်းသွားရေး တို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုလောတပ်နယ် စုဝေးခန်းမ၌ အရာရှိ စစ်သည်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်-ပုလော-ထားဝယ် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းတစ်လျှောက်ရှိ မိုးစပါးနှင့် ရော်ဘာစိုက်ခင်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်လမ်း၊ တံတား အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည်မြိတ်-ပုလော- ထားဝယ် လမ်း၌ လမ်းပိုင်းအချို့ ပြန်လည်ပြုပြင်နိုင်ရေးအတွက်ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးမှာကြားပြီး ဆက်လက်ထွက်ခွာကြရာ ထားဝယ်မြို့သို့ ညနေ ၆ နာရီတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပုလောတပ်နယ်မှ အရာရှိ၊ စစ်သည်များအား အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## လူငယ်များသို့ စာအုပ်ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)ရေးသားသည့် **လူငယ်များသို့** စာအုပ်ထွက်ရှိလာသည်။**(ယာပုံ)** အဆိုပါ စာအုပ်သည် ဒို့ကျေးရွာဂျာနယ် ခေါင်းကြီးနှင့် ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဖော်ပြပါရှိသော လူငယ်များအတွက် စိတ်စွမ်းရည် မြှင့်တင်ရေးဆောင်းပါး ၃၆ ပုဒ်ကို စုစည်းဖော်ပြထားသည်။ နိုင်စာပေက ထုတ်ဝေ၍ တန်ဖိုး ကျပ် ၈၅၀ ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



## စက်ဆန်းသစ်ဆိပ်ရှိ တင်ဒါရောင်းချမည့်လပ်ပုံများ အဆင့် အတန်းအစား ခွဲခြားသတ်မှတ်ထားရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် အောက်တိုဘာ ၂၀ရက် ညနေပိုင်းက အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်နှင့် ကန်(၃)သစ်ဆိပ်တို့သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

## A i r b u s A လေယာဉ်ကြီးရောက်ရှိ 0 ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သော Air Bagan Ltd. က အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် အသုံးပြုရန်အတွက် ဝယ်ယူထားသော Airbus A 310-200 လေယာဉ် နှစ်စင်းအနက် ပထမအစင်းဖြစ်သော XY-AGDသည် အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

### ပြေးဆွဲမည်

Air Bagan Ltd. သည် Fokker 100 လေယာဉ်တစ်စင်း၊ ATR 42 လေယာဉ်သုံးစင်း၊ ATR 72 လေယာဉ် နှစ်စင်း စုစုပေါင်း လေယာဉ်ခြောက်စင်းဖြင့် ပြည်တွင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲလျက်ရှိရာ မကြာမီ ယခုရောက်ရှိလာသော Airbus A 310-200 **(အောက်ပုံ)** လေယာဉ်ကြီးဖြင့် ပြည်ပခရီးစဉ်များဖြစ်သော ရန်ကုန်- ဗန်ကောက်-ရန်ကုန်နှင့် ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်တို့ကို နေ့စဉ်ပြေးဆွဲပြီး ရန်ကုန်-မန္တလေး-ကူမင်း-မန္တလေး-ရန်ကုန် ခရီးစဉ်ကို တစ်ပတ်လျှင် သုံးကြိမ် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

### တိုးချဲ့ပျံသန်း

Air Bagan Ltd. အတွက် Airbus A 310-200 လေယာဉ် ဒုတိယအစင်းနှင့် ထပ်မံဝယ်ယူထားသော Fokker 100 လေယာဉ်တစ်စင်းတို့သည် မကြာမီ မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပခရီးစဉ်များကို တိုးချဲ့ပျံသန်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးတက်ရန် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၄**

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၆ရက်အထိ ကျင်းပမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း၏ ပထမအကြိမ် နှစ်ပတ်လည် ကွန်ဖရင့်နှင့် မျက်နှာစုံညီအစည်းအဝေးသို့တက်ရောက်ရန် အောက်တိုဘာ ၁၉ရက်တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယရှေ့နေချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

### လိုက်ပါ

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးရှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဖေခင်၊ ချင်းပြည်နယ် ဥပဒေအရာရှိ ဦးဆွန်ဒုတ်ကျင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်တို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၌ အကဲဖြတ်ဒိုင်များဖြစ်သည့် နိုင်ငံကျော် အနုပညာရှင်ကြီးများနှင့် မြန်မာ့အလင်း တွေ့ဆုံမေးမြန်း

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၄

**နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကျင်းပနေသည်မှာ ဒသမမြောက်နေ့တိုင်ခဲ့ပြီ။ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ပြိုင်ပွဲဝင်များအား အကဲဖြတ်အမှတ်ပေးနေကြသော နိုင်ငံကျော်ဝါရင့်အနုပညာရှင်ကြီးများအား မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။**

ငယ်မူပြန် ကကွက်



**အငြိမ့်မင်းသမီး စိန်ပိုးတီက ငယ်မူပြန် ကကွက်ကို ဤသို့ ကပြခဲ့သည်။**
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

### ဒေါ်စိန်ပိုးတီ
### (အကအကဲဖြတ်ဒိုင်အဖွဲ့ဝင်)

"အကအကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့တာ ၁၀ ကြိမ် ရှိပြီ။ နှစ်စဉ်နှစ်တိုင်း ပြိုင်ပွဲဝင်လာတဲ့ ကလေးတွေရဲ့ အရည်အသွေးက တိုးတက်မြင့်မားလာတာတွေ့ရတယ်။ ပြည်နယ်နဲ့တိုင်းအသီးသီးက ပြိုင်ပွဲဝင်တွေဟာ သိပ်ကွာခြားမှု မရှိကြဘူး။ ကြိုးစားအားထုတ်မှု၊ အခြေခံနည်း စနစ်တွေ ကျေညက်မှု အပြင်သင်ကြားပြသမှုတွေလည်းကောင်းတော့ အကဲဖြတ် အမှတ်ပေးရတာ တောင် ခက်ခဲလာတာတွေ့ရပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဒေါ်စိန်ပိုးတီမှာ တစ်ချိန်ကယူတီစီ စိန်ပိုးတီဟု အငြိမ့်လောကတွင် ထင်ရှားခဲ့သူဖြစ်သည်။ အငြိမ့် ခေါင်းဆောင်မင်းသမီးအဖြစ် ၃၅ နှစ်ကြာ ကပြနိုင်ခဲ့သူ ဖြစ်သည့်အပြင် ကိုယ်တိုင် အငြိမ့်ထောင်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။ ယခုအခါ မန္တလေး ပန်တျာကျောင်းအကနည်းပြအဖြစ် ဆောင်ရွက်နေသည်မှာ ကိုးနှစ်ရှိပြီဖြစ်ကြောင်းသိရသည်။



**ဝါသနာရှင် (ဒုတိယ တန်း) အမျိုးသား ဂီတာ အတီးပြိုင်ပွဲတွင် ရန်ကုန် တိုင်း မှ ဦးတင်ရွှေ ယှဉ်ပြိုင်စဉ်။**
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

### စန္ဒရားတင်ဝင်းလှိုင်
### (စန္ဒရား အကဲဖြတ်ဒိုင်အဖွဲ့ဝင်)

"နိုင်ငံတော်က ကျင်းပတဲ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲစတင်ကတည်းက အရေးပြိုင်ပွဲရဲ့ အကဲဖြတ်ဒိုင် အဖွဲ့ဝင်တစ်ဦးအဖြစ် ၁၃ ကြိမ် ဆောင်ရွက်ခဲ့ပြီး ယခု ၁၄ ကြိမ်မြောက်မှာတော့ စန္ဒရား အကဲဖြတ်ဒိုင်အဖွဲ့ဝင်အဖြစ် ပထမဆုံးဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယခုပြိုင်ပွဲဝင်လာကြတဲ့ ပြည်နယ်နှင့်တိုင်းအသီးသီးက ကလေးငယ်တွေဟာ စန္ဒရားတီးခတ်မှုအပိုင်းမှာ သိပ်ပြောစရာမရှိအောင် ကောင်းပါတယ်၊ နရီ(စည်းချိန်) ကောင်းကြတာတွေ့ရတယ်၊ အခြေခံ တီးခတ်မှုနဲ့ တီထွင်ဆန်းသစ်ပြီး တီးခတ်နိုင်တာတွေလည်းအများကြီးတွေ့ရတယ်၊ မျိုးဆက်သစ်တွေအတွက် အားရစရာ ကောင်းပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စန္ဒရားတင်ဝင်းလှိုင်သည် ငယ်စဉ်ကပင် စန္ဒရားတီးဝါသနာထုံခဲ့သူဖြစ်ပြီး အောင်မြင်ကျော်ကြားခဲ့သော တေးသီချင်းမှာ **"ချမ်းမြေ့ပါစေ"** ဟူသော ကိုယ်တိုင်ရေးသား တီးခတ်သောသီချင်းဖြစ်သည်။ ၁၉၆၁ခုနှစ်က မြန်မာနိုင်ငံ၏ ဂီတလူရည်ချွန် ဆုတံဆိပ်ရရှိခဲ့သူဖြစ်ပြီး ယခုအခါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ခေတ်ပေါ် တေးဂီတ စိစစ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ခေတ်ဟောင်းသီချင်းများ ဖော်ထုတ်ပြုစုရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တွင် အချိန်ပိုင်း ပါမောက္ခ(ဂီတ) အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။



**ဝါသနာရှင် (ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဦးတင်အောင် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

### ဦးမောင်မောင်ကြီး
### (အဆိုအကဲဖြတ်ဒိုင်အဖွဲ့ဝင်၊ ခေတ်ဟောင်း/ကာလပေါ်)

"ပြိုင်ပွဲဝင်တွေဟာ မူလတေးသွားမှန်ကန်စွာ သီဆိုနိုင်ရမယ်၊ စာသားပီသမှု၊ စည်းဝါးပိုင်နိုင်မှု၊ ကြည်လင်ပြတ်သားမှုတို့အပြင် သာယာနာပျော်ဖွယ်ဖြစ်အောင် သီဆိုနိုင်ရမယ်၊ ဒါ့အပြင် အသံ အနိမ့်အမြင့်၊ အဆွဲအငင် ဥာန်ကရိုဏ်းကျရမယ်၊ သီချင်းစာသားအဓိပ္ပာယ်အလိုက် နားဆင်သူတွေ ခံစားမှုဖြစ်ပေါ်နိုင်အောင်၊ ရင်ကိုလှုပ်ခတ်နိုင်စွမ်းရှိအောင် သီဆိုနိုင်ကြရမယ်၊ ဒီလိုအခြေခံအချက်တွေနဲ့ ညီညွတ်ရင် အမှတ်များများရကြမယ်" ဟု ဦးမောင်မောင်ကြီးက ရှင်းပြသည်။

အဆိုတော်ဦးမောင်မောင်ကြီးသည် နိုင်ငံကျော် အဆိုတော်တစ်ဦးဖြစ်ပြီး မြန်မာ့အသံတွင် ဓာတ်ပြားရ တေးသီချင်းပေါင်းများစွာကို သီဆိုခဲ့သူဖြစ်သည့်အပြင် ပရိသတ်အကြား ရေပန်းစားခဲ့သော သီချင်းပုဒ်ရေများစွာကိုလည်း သီဆိုခဲ့သူဖြစ်သည်။ မကြာမီက သူ၏ တစ်ချိန်က အောင်မြင်ကျော်ကြားခဲ့သော တေးသီချင်းများကို ပြန်လည်ဆန်းသစ်ထားသည့် သီချင်းစီးရီးတစ်ခွေထွက်ရှိခဲ့သေးသည်။

### ကေတုဝင်းထွဋ်
### (အရေး၊ စာသားရေး အကဲဖြတ်ဒိုင်အဖွဲ့ဝင်)

"အရေး၊ စာသားရေးအကဲဖြတ် ဒိုင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့တာ အခုအကြိမ်နဲ့ဆိုရင် ငါးကြိမ်ရှိပါပြီ။ တစ်နှစ်ထက်တစ်နှစ်တော့ ပြိုင်ပွဲဝင်တွေ အရည်အချင်းမြင့်မားလာကြတာ တွေ့ရတယ်။ ပြိုင်ပွဲဝင်တွေအနေနဲ့ သီချင်းစာသားရေးဖွဲ့မှုမှာ အခြေခံမပျက် လမ်းဟောင်းကနေပြီး ခွဲထွက် ရေးဖွဲ့သင့်တယ်။ ရိုးရာမပျက်တဲ့ ဆန်းသစ်တဲ့ တေးသွားနဲ့ သံစဉ်တွေ ဖြစ်ဖို့လိုတယ်။ ထူးခြားတဲ့ တေးသွားတွေကို ဆန်းသစ်တဲ့ သံစဉ်တွေထည့်ပြီး ဖော်ကျူးနိုင်ရင်တော့ အကောင်းဆုံးပါပဲ"ဟု ရှင်းပြသွားသည်။

### ဦးစိန်မြအောင်(ပဲခူး)
### (ဆိုင်းအကဲဖြတ်ဒိုင်အဖွဲ့ဝင်)

"ဆိုင်းအကဲဖြတ်ဒိုင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့တာ ၁၄ ကြိမ် ရှိပါပြီ။ ဆိုင်းအတီး ပြိုင်ပွဲဝင်ကြတဲ့ ကလေးတွေဟာ ဆရာကောင်း လိုအပ်တယ်။ သင်ကြားပြသမှု ကောင်းရင် ဆိုင်းအတီး အခြေခံနည်းစနစ် မှန်ကန်ပြီး အောင်မြင်တဲ့သူတွေ ဖြစ်လာမှာပါ။ နောက်ပြီး ဆိုင်းအတီးသင်လက်ဘွဲ့ပုဒ်ကို ကျေညက်နေအောင် လေ့ကျင့်တီးနိုင်ကြရမှာဖြစ်တဲ့အပြင် လက်ကျ၊ လက်နကောင်းတဲ့ တီးကွက်တွေကိုလည်း လက်စွမ်းပြတီးနိုင်ကြရမယ်။ အခုပြိုင်ပွဲဝင်ကြတဲ့ ကလေးတွေ အရမ်းကြိုးစားကြပြီး တော်လည်းတော်ကြတော့ အမှတ်ပေးရမှုတွေ သိပ်မကွာလှပါဘူး။ ဒီပြိုင်ပွဲက အနုပညာမျိုးဆက်သစ်တွေအတွက် တကယ် အကျိုးပြုတဲ့ပြိုင်ပွဲပါ"ဟု ဆိုင်းဆရာကြီး စိန်မြအောင်(ပဲခူး)က မြန်မာ့အလင်းသို့ ပြောကြားသည်။

### ဒေါ်ရွှေဟသ်ာ
### (အကအကဲဖြတ်ဒိုင်အဖွဲ့ဝင်)

"မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲ စတင်တဲ့ ပထမအကြိမ် ကတည်းက အခုအကြိမ်အထိ နှစ်စဉ်မပျက် အကအကဲဖြတ်ဒိုင်အဖွဲ့ဝင် တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့တာပါ။ ပြိုင်ပွဲဝင်တွေဟာ အကကောင်းရုံတင်မကဘူး အတီးနဲ့အက၊ အချီအချ ညီညွတ်ရမယ်၊ ခေတ်ပေါ် အကတွေမရောပြွမ်းရဘူး၊ ရိုးရာမပျက်တဲ့ ဆန်းသစ်တီထွင်တဲ့ ကကွက်တွေကိုတော့လက်ခံပါတယ်၊ ပြိုင်ပွဲဝင်ကလေးတွေ အရမ်းကြိုးစားကြတော့ အားရဖို့ကောင်းသလိုအရည်အသွေးလည်း မြင့်လာတယ်"ဟု ရှင်းပြသည်။

ဒေါ်ရွှေဟသ်ာသည် မြန်မာနိုင်ငံတွင် တစ်ချိန်က အငြိမ့်လောက၌ အောင်မြင်ကျော်ကြားခဲ့သူ တစ်ဦးဖြစ်သည်။ ပရိသတ် စွဲမက်နှစ်ခြိုက်အောင်လည်း ကပြနိုင်သူအဖြစ် ထင်ရှားခဲ့သူဖြစ်ကြောင်း မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## ပါဠိကာရီဆရာတော် ဓမ္မသဘင်ပွဲများ

**ရန်ကုန် အောက်တိုဘာ ၂၄**

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီပရိယတ္တိ စာသင်တိုက်နှင့် မှော်ဘီမြို့နယ်ကုလားကုန်းကျေးရွာ ပါဠိကာရီချမ်းမြေ့နန္ဒာ ပရိယတ္တိစာသင်တိုက်နှစ်တိုက်တို့၏ ဦးစီးပဓာန နာယက (သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တ အင်္ဂိသပါဠိ ကာရီဆရာတော်သည် ရန်ကုန်မြို့ ဆရာစံတောင် ဂွတ္တလစ်ရပ်ကွက်တွင် အောက်တိုဘာ၂၇ရက်၌လည်းကောင်း၊ ဘီးလင်းခရိုင် သစ်တိုကျွန်းကျေးရွာကျောင်း ရာမညမုန့်ဟင်းခါး ဒေါ်တင်အေး ကထိန်၌ အောက်တိုဘာ ၂၈ရက်နှင့် ၂၉ ရက်တို့တွင် လည်းကောင်း၊ သာကေတ အောင်သိဒ္ဓိဓမ္မာရုံတွင် အောက်တိုဘာ ၃၀ရက်၌လည်းကောင်း၊ ကျောက်တန်းမြို့ ရွှေမော်ဝန်းသာသနဗိမာန်တွင် နိုဝင်ဘာ၁ ရက်၌လည်းကောင်း၊ သာကေတ ထူပါရုံ ၁၂လမ်း ကထိန်တွင် နိုဝင်ဘာ၂ရက်၌လည်းကောင်း မဟာစည် ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း သတိပဋ္ဌာန်တရားတော်များ ဟောကြားတော်မူကြမည်ဟု သိရသည်။ **(က-ပ)**

## သီရိမင်္ဂလာဈေး စုပေါင်းဘုံကထိန်တရားပွဲများ

**ရန်ကုန် အောက်တိုဘာ ၂၄**

ပဉ္စမအကြိမ်မြောက် အဆင့်မြင့် သီရိမင်္ဂလာဈေး၏ ဈေးသူဈေးသားများ စုပေါင်းမဟာဘုံကထိန် အကြိုတရားပွဲကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အဆင့်မြင့်သီရိမင်္ဂလာဈေးတွင်ကျင်းပရာ အောက်တိုဘာ ၂၅ရက်တွင် ဖြူးဆရာတော်ဦးနရပတိ၊ ၂၆ ရက်တွင် သပိတ်အိုင် သီတဂူဆရာတော် အရှင်ဉာဏိဿရနှင့် ၂၇ရက်တွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒတို့က ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့အရေးကိစ္စ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးမည့်အစီအစဉ် ဒီမိုကရေစီဖော်ဆောင်မှုကို ယိုယွင်းစေမည့်လုပ်ဆောင်ခြင်းဖြစ် S S N A ခွဲထွက်က လက်ခံခြင်းမရှိကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် SSNA ခွဲထွက်က သဘောထား ထုတ်ပြန်ကြေညာချက် တစ်ရပ်ကို အောက်တိုဘာ ၂၃ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

### S S N A ခွဲထွက်၏ သဘောထားထုတ်ပြန်ချက်

**ရက်စွဲ။ ၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်**

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် အမေရိကန်နိုင်ငံ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

ဤဆုံးဖြတ်ချက်သည် နိုင်ငံတော်၏ဒို့တာဝန်အရေးသုံးပါးကို ထိပါးခြင်း၊ အမျိုးသားညီလာခံကို ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်လုပ်ဆောင်ခြင်း၊ နိုင်ငံတော်၏ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်ခြင်းကြောင့် လက်မခံကြောင်းနှင့်ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ဗိုလ်မှူးကြီး စိုင်းကျော်နိုင်
(S S N A)မိုင်းကိုင်၊ မိုင်းယွန်းဒေသ

■ ကျောဖုံးမှ

## ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယကအဖွဲ့ဝင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော် အနီးဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို စိတ်ဝင်စားကြပြီး လေးစားတန်ဖိုးမြတ်နိုးကြသည့် ပြည်သူများလာရောက် ကြည့်ရှုအားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည်။

### အကပြိုင်ပွဲ

ယနေ့ကျင်းပသည့် အခြေခံပညာ အဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ကျော်လင်း၊ ကချင်ပြည်နယ်မှ မောင်ကျော်စိုးဦး၊ မန္တလေးတိုင်းမှ မောင်ဝေယံကျော်၊ ရန်ကုန်တိုင်းမှ မောင်သန့်ဇင်ထွန်း၊ ဧရာဝတီတိုင်းမှ မောင်ဟိန်းနန်းအောင်၊ ကချင်ပြည်နယ်မှ မောင်သီဟအောင်၊ မန္တလေးတိုင်းမှ မောင်ဝေယံဇော်၊မကွေးတိုင်းမှ မောင်ညီညီဇော်၊ မွန်ပြည်နယ်မှ မောင်မင်းရဲဇာဏီကျော်၊ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်၊ ကယားပြည်နယ်မှ မောင်သိန်းဌေးအောင်၊ စစ်ကိုင်းတိုင်းမှ မောင်အောင်နိုင်ဦး၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငှ စောထက်ရှိုင်းတို့ ပါဝင်ယှဉ်ပြိုင် ကပြကြသည်။

### မြန်မာဂီတာအတီးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မြန်မာဂီတာ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မြန်မာဂီတာ အတီးပြိုင်ပွဲကို စတင်ကျင်းပရာ "ခါနွေဆန်း" (ယိုးဒယား)သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးရဲမြင့်၊ တနင်္သာရီတိုင်းမှ ဦးတင်ထွန်း၊ မွန်ပြည်နယ်မှ ဦးကျော်မြင့်၊ ရန်ကုန်တိုင်းမှ ဦးတင်ရွှေ၊ မန္တလေးတိုင်းမှ ဦးတာနော၊ ပဲခူးတိုင်းမှ ဦးသန်း၊ မန္တလေးတိုင်းမှ ဦးရဲတင့်၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငှ ဦးစောစံအေးနှင့် ရန်ကုန်တိုင်းမှ ဦးလှမြင့်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မြန်မာဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ထူးမခြားနား"သီချင်းခံဖြင့် မွန်ပြည်နယ်မှ ဒေါ်ရွက်နုခိုင်နှင့် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား မြန်မာဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ဇေယျာအောင်ခြာ" (ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်သူရ၊ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ ရန်ကုန်တိုင်းမှ မောင်ချမ်းငြိမ်းအောင်နှင့် မောင်အောင်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ "သောင်းသောင်းညံ" (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းက တီးခတ်ယှဉ်ပြိုင်သည်။

### ဒုံမင်းအတီးပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲကို စတင်ကျင်းပရာ "မာရဝိဇယ"(ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးမောင်ဟန်၊ မကွေးတိုင်းမှ ဦးကျော်ဌေး၊ ရန်ကုန်တိုင်းမှ ဦးတင်ဝင်းနှင့် မြန်မာပြည်လှိုင်မင်း၊ ပဲခူးတိုင်းမှ ဦးတင်အောင်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ "သာတင့်ဆုံး"(ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်နှင့် ရန်ကုန်တိုင်းမှ ဒေါ်ရည်ဖုန်းဆွေတို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကိုကျင်းပရာ "သီလာမြေယံ"(ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်မင်းဂေါင်စိုးနှင့် မောင်မျိုးသူတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် "တောနှင့်တောင်စွယ်" (ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ မအေးစုမွန်က တီးခတ်ပြိုင်ပွဲဝင်သည်။

### စန္ဒရားအတီးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန၌ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ "မြိုင်ဂန္ဓမာ" (ယိုးဒယား)သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးတင်အောင်၊ မန္တလေးတိုင်းမှ ဦးထွန်းထွန်းမင်း၊ မွန်ပြည်နယ်မှ ဦးရဲလင်းအောင်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦးနှင့် မောင်အောင်ကျော်ထွန်း၊ မန္တလေးတိုင်းမှ ဦးစိုးရွှေဝါ၊ ဧရာဝတီတိုင်းမှ ဦးအောင်အောင်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ကျော်မျိုးတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "ဆန်းနွေဦး"(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနှင်းအေးဝေနှင့် မသိမ့်မျက်သွယ်တို့ ပြိုင်ပွဲဝင်ကြသည်။

### ဆိုင်းအတီးပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး တစ်ဦးချင်း ဆိုင်းအတီးပြိုင်ပွဲတွင် "ဆန်းနွေဦး"(ယိုးဒယား)သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မအောင်ဗိုလ်မ၊ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်မော်၊ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေး၊ ရန်ကုန်တိုင်းမှ ပေါက်ကျော်မ၊ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်း၊ မန္တလေးတိုင်းမှ ဒို့ဗိုလ်လှ(ခ) ဒေါ်အေးသန္တာလွင်နှင့် ပဲခူးတိုင်းမှ ဒေါ်မြမြဝင်းတို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တစ်ဦးချင်း ဆိုင်းအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ "မင်းလမ်းဆက်ခါ"(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်၊ မန္တလေးတိုင်းမှ မမြင့်မြင့်သင်း(ခ)မဟန်မြင့်မြင့်လွင်နှင့် ရန်ကုန်တိုင်းမှ မအိအိမွန်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး တစ်ဦးချင်း ဆိုင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ရွှေပြည်ကြီးဇရာ" (ကြိုး)သီချင်းဖြင့် ကချင်ပြည်နယ်မှ မကြည်ကြည်သာ၊ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်နှင့် မဝင်းနန္ဒာလွင်၊ မကွေးတိုင်းမှ မနှင်းအိခိုင်၊ ပဲခူးတိုင်းမှ မဇင်မာဖြိုးနှင့် စစ်ကိုင်းတိုင်းမှ မယမင်းထွန်းတို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

### နှုတ်ဆက်အားပေး

ပြိုင်ပွဲများ ကျင်းပအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဦးစီးကော်မတီနာယကအဖွဲ့ဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်နှင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ပြိုင်ပွဲများ၌ အကဲဖြတ်အမှတ်ပေးကြသည့် အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက် **(ယနေ့)**တွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ **(သတင်းစဉ်)**



**ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မြန်မာဂီတာ အတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မြိုင်ကြီးငှ ဦးစောစံအေး ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)



**တစ်ဦးချင်း ဆိုင်းအတီး**

**အခြေခံပညာ အဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသမီး တစ်ဦးချင်း ဆိုင်း အတီးပြိုင်ပွဲ တွင် ကချင်ပြည်နယ်မှ မကြည်ကြည်သာ ပါဝင် ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

## ဒဂုံပရိယတ္တိစာသင်တိုက်စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

**ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်ကြီးအား အမှူးထားလျက် ပုရိမဝါမှ ထတော်မူကြကုန်သော စာချ၊ စာသင်သံဃာတော်အရှင်သူမြတ် ၁၀၀ကျော်တို့အား ဘုံကထိန်လျာ မြတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် (တန်ဆောင်မုန်းလဆန်း ၁၃ ရက်) နိုဝင်ဘာ ၂ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင် တပည့် ဒါယကာ ဒါယိကာမအပေါင်း ကိုယ်တိုင်ကြွရောက် ကြည်ညိုလှူဒါန်းကြရန် နှိုးဆော်ထားသည်။**

**ပါဝင်လှူဒါန်းလိုသူများသည် ကထိန်လျာသင်္ကန်း ဒွိစုံတစ်စုံလျှင်ငွေကျပ် ၇၅၀၀နှုန်းဖြင့် စုပေါင်းမဟာဘုံကထိန်ဖြစ်မြောက်ရေးကော်မတီ ဒဂုံပရိယတ္တိစာသင်တိုက် အိမ်တော်ရာ ဒဂုံမြို့နယ်သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။** (က-ပ)

## ဆင့်ကမ်းပေးဝေ၊ မျိုးချစ်မွေ

* ဘအို ဆင့်ကမ်း၊
မြေးငယ်လှမ်းယူ
ကြိုးပမ်းပေးဝေ၊
မျိုးချစ်မွေကြောင့်
ရေရှည်စိတ်ချ၊
နာဂတ်လှပြီ
မြန်မာ့ရှေ့ရေး၊
ရင်မှာအေး။
အမျိုးသားရေး၊
အားသစ်မွေး။ ။

**[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက် -]**

**ရန်နိုင်ဦး**



**စောင်းအတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ဝင် (စောင်း)ဦးသိန်းဟန်ကြီးက မျိုးဆက်သစ်မြေးငယ်များအား ဤသို့ စောင်းတီးခတ်ပြကာ လက်ဆင့်ကမ်း ပေးဝေမျှခဲ့သည်။**

## မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုဘုံကထိန်

**ရန်ကုန် အောက်တိုဘာ ၂၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ (၂၁)ကြိမ်မြောက် မိသားစုဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ငါးပါးသီလခံယူ

ရှေးဦးစွာ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်မှ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဦးသုန္ဒရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဇနီးတို့က တေဇိန္ဒာရာမကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ပထမကျော် ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ပိဋကတ္တယပါရဂူ ပဓာနနာယက ဘဒ္ဒန္တဥတ္တရအား ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းပြီး မြန်မာ့အာမခံလုပ်ငန်းမှ ဌာနဆိုင်ရာ အကြီးအကဲများ၊အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချအမျှဝေ

ထို့နောက် စွန်းလွန်းဂူကျောင်းတိုက်မှ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဦးသုန္ဒရက ကထိန်အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းကပ်လှူကြသည်။ ယမန်နေ့က ကျင်းပသည့် (၂၁)ကြိမ်မြောက် မိသားစုဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုက ပဒေသာပင်များ ပေးပို့လှူဒါန်းကြရာ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ၌ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကို ထိရောက်စွာတိုက်ဖျက်နိုင် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရုံသာမက ဖြစ်ပွားမှုနှုန်းကိုလည်း လျှော့ချနိုင်ပြီ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ကုလသမဂ္ဂကြီးထူထောင်သည့် (၆၁)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို အဆွေတော်တို့နှင့်အတူ ဆင်နွှဲခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း။

## ထပ်လောင်းအတည်ပြု

ဤအချိန်အခါတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် လည်းကောင်း၊ လူသားမျိုးနွယ်အားလုံးအတွက် စီးပွားရေးနှင့် လူမှုရေးများ ပိုမိုတိုးတက်ရရှိလာရန်လည်းကောင်း၊ ကြိုးပမ်းဆောင်ရွက်နေသည့် ကုလသမဂ္ဂနှင့် ၎င်း၏ ယန္တရားတို့အပေါ် မိမိတို့၏ထောက်ခံမှုနှင့် ကတိကဝတ်ပြုမှုတို့ကို ထပ်လောင်းအတည်ပြုကြောင်း၊ ကနဦးအားဖြင့် ဦးစားပေးပြောကြားလိုကြောင်း။

၂၀၀၀ ပြည့်နှစ်က ကြေညာခဲ့သည့် ထောင်စုနှစ်ကြေညာချက်တွင် မိမိတို့၏ ဘဝတူယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များကို လူရပ်မပီဘဲ လွတ်မြောက်ရေးလမ်းစ မတွေ့နိုင်လောက်အောင်ပင် ဆင်းရဲမွဲတေနေမှုမှ လွတ်မြောက်ရေးကို အစွမ်းကုန်ကြိုးစားကြမည်ဟု ကမ္ဘာ့ခေါင်းဆောင်များက ကတိကဝတ်ပြုခဲ့ကြကြောင်း၊ ဤကဲ့သို့ နိုင်ငံရေးအရ အားပေးမှုနှင့် အာရှတိုက်အချို့သော ဒေသများ၏ စီးပွားရေးတိုးတက်လာမှုတို့က မိမိတို့၏ ဆင်းရဲမှု တိုက်ဖျက်ရေးရည်မှန်းချက်ကို အတော်အတန် အကောင်အထည် ပေါက်မြောက်စေခဲ့ကြောင်း၊ အကျိုးဆက်အဖြစ် ကမ္ဘာ့လူဦးရေ အတော်များများသည် အနက်ရှိုင်းဆုံးသော ဆင်းရဲတွင်းမှ လွတ်မြောက်လာခဲ့ကြကြောင်း၊ ဆက်လက်ပြုလုပ်သည့် အစည်းအဝေးများ၌လည်း နိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာရန်မှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ရန်ပုံငွေအထောက်အပံ့ လုံလောက်စွာရရှိရေးတို့ လိုအပ်ကြောင်း ဖော်ထုတ်အတည်ပြုခဲ့ကြကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်ချက်အသစ်များ ပါဝင်လာမည်ဖြစ်ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်လင့်သည့် နှုန်းထားအတိုင်း ရောက်ရှိလာအောင် ကြိုးပမ်းသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

## အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်အဟုန် တိုးတက်လာစေရန် ရည်မှန်းချက်ထားလျက် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်နေကြောင်း၊ ယင်းစီမံကိန်းမှာ အချိုးညီညီနှင့် မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်လည်းကောင်း၊ နိုင်ငံအတွင်း ကျေးလက်နှင့် မြို့ပြဒေသများအကြား လူမှုစီးပွားရေး ဖွံ့ဖြိုးမှုကွာခြားချက်ကို လျော့နည်းစေရန်လည်းကောင်း ရည်မှန်းပါကြောင်း၊ အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့၏ ကိုယ်ပိုင်အရင်းအမြစ်များနှင့်သာ ဆောင်ရွက်နေခြင်းဖြစ်သော်လည်း ဝေးလံသည့် ဒေသများရှိ ပြည်သူများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုနှင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် တိုးတက်မှုများရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း၊ ဤကိစ္စနှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂနှင့် ၎င်း၏ အဖွဲ့အစည်းများထံမှ တန်ဖိုးမဖြတ်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများရရှိခဲ့သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုကြောင်း။



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအေအာနန်၏ သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး မစ္စတာချားလ်စ်ဂျိမ်းစ်ပေထရီ ဖတ်ကြားစဉ်။ (သတင်းစဉ်)



ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်သူရအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကမ္ဘာ့ခေါင်းဆောင်များက ၂၀၀၅ ခုနှစ် ထိပ်သီးအစည်းအဝေးမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြောင်း၊ ထိုဆုံးဖြတ်ချက်များတွင် ယနေ့ပေါ်ပေါက်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခက်အခဲ၊ အကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းရန် ပိုမိုအစီအမံကျနစွာ လုပ်ဆောင်သွားရန်အချက်လည်း ပါဝင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကျိုတိုသဘောတူစာချုပ်မှာ စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ပြီးဖြစ်ကြောင်း၊ ကျိုတိုစာချုပ်သည် မကြာခင်က စာချုပ်အာဏာ သက်ဝင်လာပြီဖြစ်၍ ရာသီဥတုပြောင်းလဲလာမှုအတွက် အချိန်ကိုက် တုံ့ပြန်မှုတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်လင့်ကစား

ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာဖြေရှင်းနိုင်ရန်မှာ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်ရှိသည့် ကုလသမဂ္ဂအစီအမံတစ်ရပ် လိုအပ်လျက်ရှိကြောင်း။

## လက်တွဲဆောင်ရွက်

ယနေ့အခါ ပြဿနာရပ်အသစ်အနေဖြင့် ပေါ်ပေါက်နေသည့် ကိစ္စရပ်တစ်ခုမှာ နိုင်ငံတကာအကြမ်းဖက်မှုများ တိုးပွားလာနေခြင်းပင်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုဆိုလျှင် မည်သူက မည်သည့်နေရာ၌မဆို မည်သည့်အကြောင်းပြချက်ဖြင့် မည်သည့်ပုံစံ အခြေအနေမျိုးဖြင့်ဖြစ်စေ ကျူးလွန်ခြင်းကို ရှုတ်ချကြောင်း၊ မြန်မာလူမျိုးများသည် ပင်ကိုသဘာဝအရရော၊ ယဉ်ကျေးမှုအရပါ အကြမ်းဖက်မှုကို လုပ်ဆောင်လေ့မရှိကြကြောင်း၊ အကြမ်းဖက်မှုကို တိုက်ဖျက်ရေးအတွက် လက်တွေ့လုပ်ငန်းစဉ်များ အားကောင်းလာစေရန်ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရုပ်လုံးဖော်ရာမှာ မြန်မာနိုင်ငံက အခြားနိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။**

ဤအခမ်းအနားမှာ ကုလသမဂ္ဂကြီးနှင့် ၎င်းတို့ အဖွဲ့အစည်းများက အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအတွက် ဦးဆောင်မှုပေးနေခြင်းကို ဖော်ထုတ်အသိအမှတ်ပြုလိုကြောင်း၊ **မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကို နိုင်ငံတော်က ဦးစားပေးအဖြစ် သတ်မှတ်လျက် ထိရောက်စွာတိုက်ဖျက်နိုင်ရန် အစွမ်းကုန်ကြိုးစားနေကြောင်း၊ ယခုအခါ ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရုံသာမက ရောဂါဖြစ်ပွားနှုန်းကိုလည်း လျှော့ချနိုင်ပြီဖြစ်ကြောင်း။**

## ပိုမိုကျယ်ပြန့်

ယနေ့ လက်တွေ့ဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂကြီးအနေဖြင့် ပြောင်းလဲမှုများနှင့် ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ထင်ရှားပါကြောင်း၊ ယခုလိုပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ရာမှာ လုံခြုံရေးကောင်စီကိုလည်း ပြုပြင်ဖွဲ့စည်းမှ ပြည့်စုံမှာဖြစ်ကြောင်း၊ **လုံခြုံရေးကောင်စီသည် ကိုယ်စားပြုမှု ပိုမိုကျယ်ပြန့်လာပြီး လုပ်ဆောင်မှု ပိုမိုထက်မြက်လာရမည်ဖြစ်သလို လုပ်ငန်းဆောင်ရွက်ရာမှာလည်း ပွင့်ပွင့်လင်းလင်း အသိပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်လုပ်ပိုင်ခွင့် အပြည့်အဝအပ်နှင်းထားသည့် လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂပင်မအဖွဲ့အစည်းတစ်ခုအနေဖြင့် ပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် လုံခြုံရေးကောင်စီသည် အားနည်းသည့်နိုင်ငံများ၏သဘောထားကို လက်ခံကြားနာပြီး လေးစားအကောင်အထည်ဖော်သည့် နေရာလည်းဖြစ်သင့်ကြောင်း။**

နိဂုံးချုပ်မတင်ပြမီ ကုလသမဂ္ဂကြီးကို (၁၀)နှစ်တိုင်တိုင် ပညာဉာဏ်ရှိရှိ၊ ဖွဲ့ခိုင်ခိုင်ဖြင့် ဦးဆောင်မှုပေးခဲ့သည့် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအေအာနန်ကို လေးလေးနက်နက် တန်ဖိုးထားကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

## ဆက်လက်ပူးပေါင်းပါဝင်

လွန်ခဲ့သည့် (၆၁)နှစ်တာ ကာလအတွင်းမှာ ကုလသမဂ္ဂကြီးသည် ပြောင်းလဲမှုတွေ အသစ်သစ်ဖြစ်ရပ်တွေကို ရင်ဆိုင်နိုင်စွမ်းရှိကြောင်း သက်သေထူခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ကုလသမဂ္ဂသည် ၁၉၄၅ ခုနှစ် စတင်ထူထောင်စဉ်နှင့်ဆိုလျှင် များစွာကွားခြားနေပြီဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်ပယ်အနှံ့အပြားမှာ တာဝန်သစ် အများအပြားကို ထမ်းဆောင်နိုင်လျက်ရှိကြောင်း၊ ၎င်းအား အပ်နှင်းထားသည့် လုပ်ဆောင်ဖွယ်များကို ကုလသမဂ္ဂကြီးက ပေါက်မြောက်အောင် လုပ်ဆောင်နိုင်ရန်သည်မှာ နိုင်ငံအများက ဆက်လက် ပူးပေါင်းဆောင်ရွက်မှသာဖြစ်နိုင်ကြောင်း၊ အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသော ကမ္ဘာကြီးဖြစ်လာအောင် ကုလသမဂ္ဂကြီးက ကြိုးပမ်းရာမှာ မြန်မာနိုင်ငံကလည်း ဆက်လက် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း ဤအခမ်းအနားကြီးမှာ ထပ်လောင်း ပြောကြားအပ်ပါကြောင်း ပြောကြားသည်။

## သဝဏ်လွှာဖတ်ကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းကလည်းကောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအေအာနန်၏ သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး မစ္စတာချားလ်စ်ဂျိမ်းစ်ပေထရီကလည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်တင်ဖြိုးအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မစုစုဝင်းနှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခင်ဖူးမော်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းကလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်သူရ၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသူ မမေထူးမြတ်မွန်နှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်အောင်ပိုင်စိုးတို့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းကလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့် ပန်းချီပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မဖူးသဉ္ဇာနိုင်၊ ဒုတိယဆုရ အမှတ်(၁၈) မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် အခြေခံပညာမူလတန်းကျောင်းမှ စတုတ္ထတန်းကျောင်းသား မောင်အောင်ပြည့်နှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ တတိယတန်းကျောင်းသား မောင်ကျော်စိုးဟန်တို့အား ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး မစ္စတာချားလ်စ်ဂျိမ်းပေထရီကလည်းကောင်း ဆုများကို အသီးသီးချီးမြှင့်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ဆုရ စာစီစာကုံးများ၊ ပိုစတာများ၊ ပန်းချီကားများနှင့် ကုလသမဂ္ဂ ပြန်ကြားရေးဌာန၏ ပိုစတာများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မန္တလေးတိုင်း ရတနာပုံရုပ်စုံသဘင်အဖွဲ့၏ ယှဉ်ပြိုင်တင်ဆက်မှု တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၄

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ 'သဒ္ဒါသုမနဇာတ်တော်ကြီး' ရုပ်သေးပြိုင်ပွဲကို ယနေ့ ည၇နာရီတွင် စတုတ္ထနေ့အဖြစ် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ မန္တလေးတိုင်းမှ ရတနာပုံ ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။ (အောက်ပုံ)





## ကြည့်ရှုအားပေး

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဗဟိုနာယကအဖွဲ့ဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်သို့ လေ့လာရေး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ ယဉ်ကျေးမှုကိုယ်စားလှယ်များ၊ နေပြည်တော် အနီးဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရုပ်သေးအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

## ယှဉ်ပြိုင်တင်ဆက်

ပြိုင်ပွဲတွင် ရုပ်သေးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်စံဝင်းနှင့်အဖွဲ့က အမှတ်ပေးအကဲဖြတ်ကြသည်။

ထိုသို့ယှဉ်ပြိုင်တင်ဆက်ရာတွင် ဆိုင်းပညာရှင် ပစ်တိုင်းထောင်ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ဆို၊ ငို၊ ပြောပညာရှင် မန်းပန်တျာထွန်းထွန်းနိုင်၊ မလှိုင်သန်းသန်းမြင့်နှင့် ရုပ်သေးကြိုးဆွဲပညာရှင် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ မောင်ခင်မောင်ထွေး ဦးဆောင်သော ကျောင်းသားကျောင်းသူများက 'သဒ္ဒါသုမနဇာတ်တော်'လာ မြန်မာလူမျိုးတို့၏ ယုံကြည်သက်ဝင်သည့် အလှူဒါန၏ အကျိုးနှင့် မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်သည်သာ ကောင်းမြတ်သည့် အကျိုးတရားကောင်းဖြစ်စေကြောင်းတို့ကို ခက်ခဲနက်နဲသော ရုပ်သေးပညာရပ်များဖြင့် ယှဉ်ပြိုင်တင်ဆက်သွားသည်။

အောက်တိုဘာ ၂၅ ရက် ညတွင် ဧရာဝတီတိုင်းမှ ဧရာလှိုင်းရုပ်စုံ သဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ကာဇက်စတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၀၆ခုနှစ် အောက်တိုဘာ၂၅ရက်တွင်ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကာဇက်စတန် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာစင်ဇိုမက်၊ကေ၊ တိုကာ ယက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## ● ကျောဖုံးမှ

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမ၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိသော ရတနာဆိုင်များ၊ မြေညီထပ်ရှိ ဧည့်ကြို ခန်းမ၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိသော အရည်အသွေးမီ ကျောက်စိမ်းအတွဲများ၊ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတုံးများကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးကာ မြန်မာကွန်ဗင်းရှင်းစင်တာမှ ပြန်လည်ထွက်ခွာသွားသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ၄နာရီ မှ ည၇နာရီ၄၅မိနစ်အထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း၃၄၂တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း၉၁၁တွဲကို ရောင်းချခဲ့ရသည်။

## ဆက်လက်ရောင်းချ

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ယနေ့နံနက် ၈နာရီမှ ညနေ၄နာရီ မိနစ်၂၀အထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၈၄၃တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ၁၂နိုင်ငံမှ ရတနာကုန်သည်၁၈၆၄ဦးနှင့် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၁၃၃၀ စုစုပေါင်းရတနာကုန်သည်၃၁၉၄ဦး တက်ရောက်၍ ကျောက်စိမ်းအတွဲများကို အပြိုင်အဆိုင်ဝယ်ယူလျက်ရှိကြသည်။

## ပိုမိုရောင်းချ

ယခု နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည်များခန့်မှန်းသည်ထက် ပိုမိုများပြားစွာလာရောက်ဝယ်ယူကြသည့်အတွက် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယခင်ပြပွဲများထက် ပိုမိုရောင်းချရသည်။

အောက်တိုဘာ၂၅ရက်တွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် မြန်မာကွန်ဗင်းရှင်းစင်တာတွင် ခင်းကျင်းပြသထားသော ရတနာအရောင်းဆိုင်များကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# အင်အားပြင်းထန်သောငလျင် မြန်မာနိုင်ငံပြင်ပ၌လှုပ်

ရန်ကုန် အောက်တိုဘာ ၂၄

**မြန်မာစံတော်ချိန် ၀၃နာရီ ၄၇မိနစ် ၀၀ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၁၀၀ ခန့်ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၈အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် တစ်ခုလှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။**

(သတင်းစဉ်)

# ဒလမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်း ဒလမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲနှင့် မြို့နယ်စာနယ်ဇင်းမှ ကြီးမှူးကျင်းပသော စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများ၊ မြန်မာစာဂုဏ်ထူးဆုရ ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ၇ရက် မွန်းလွဲ ၂နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ဦးခင်ဆွေ(ရွှေစွန်ညို)က စာနယ်ဇင်းအကြောင်းသိကောင်းစရာများကို ပြောကြားသည်။ ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ အောင်မင်း(ဒလ)က စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး စာစီစာကုံးပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆုရရှိသူများအား အသီးသီး ဆုချီးမြှင့်သည်။

အခမ်းအနားတွင် ဓာတ်ပုံပညာရှင် ရွှေအင်းသားခင်မောင်ဝင်းမိသားစုက မြို့နယ်နာရေးကူညီထောက်ပံ့မှုအသင်းသို့ အလှူငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ) (က-ပ)**



# ဘေဒဥပါယ်သည် သံတမန်ကျင့်ဝတ် မဟုတ်ပါ

ခြင်ကျား ( မအူပင် )

**"သံနှင့်စပ် အပ်နဲ့ပင်မရှယ်ရ"** ဟူသော စကားကို မြန်မာတို့သည် ကလေးဘဝ၌ပင် နားယဉ်နေသော စကားဖြစ်၏။ ငယ်စဉ်က ထိုစကားသည် ထက်သော၊ ချွန်သော၊ စူးရှထိခိုက်နိုင်သော သံသတ္တုဖြင့် ပြုလုပ်သည့် စူး၊ ဆောက်၊ ဓားစသည်တို့ကို သားငယ်၊ သမီးငယ်တို့ကိုင်နေသည်ကိုမြင်လျှင် မိခင်တို့ စိုးရိမ်တကြီးပြောသော စကားဖြစ်၏။ ထိုစကား၏ မူလဇာစ်မြစ်မှာ ပုဂံခေတ်ထိုး မင်္ဂလာစေတီကျောက်စာတွင် ဖော်ပြခဲ့သော (မင်းတို့ကား တမန်ကို မချုပ်ရာ)ဟူသော ကမ္ပည်းကို ထောက်ခံသောစကားပုံဖြစ်သည်။ **"သံနှင့်စပ် အပ်နဲ့ပင် မရှယ်ရ"**ဟူသော စကား၏ အဓိပ္ပာယ်မှာ သံတမန်တို့နှင့်စပ်လျဉ်းလာလျှင် ၎င်းတို့အား အန္တရာယ်ပြုဖို့၊ ဖမ်းဆီးချုပ်နှောင်ဖို့၊ ထိပါးတိုက်ခိုက်ဖို့ နေနေသာသာ အပ်ကလေးဖြင့် ရှယ်ဖို့ပင် စိတ်မကူးရ၊ စိတ်မကူးသင့်ဟု ဆိုခြင်းဖြစ်၏။ သံတမန်ကို ဖမ်းဆီးမချုပ်နှောင်ရဟူသော ပထမဆုံး အရေးကြီးသည့် သံတမန်ကင်းလွတ်ခွင့် အခြေခံမှုကို မြန်မာ့လူ့ဘောင်တွင် ရိုးတွင်းခြင်ဆီအထိ လက်ခံထားကြောင်း ဖော်ပြနေလေသည်။

အေဒီ ၈၀၁-၈၀၂ ကပင် မြန်မာနိုင်ငံမှ ပျူမင်းတစ်ပါးသည် နန်ချိုမှတစ်ဆင့် တရုတ်ပြည်သို့ သံတမန်စေလွှတ်ခဲ့သည်။ ဆွန်မင်းဆက် (Sung Dynasty) လက်ထက်တွင် ပုဂံပြည် ကျန်စစ်မင်းထံမှ သံအဖွဲ့စေလွှတ်ခဲ့ရာ တရုတ်ပြည်ကကောင်းစွာကြိုဆို၍ ထီးဆောင်းမင်းတို့နှင့် လျော်သော အဆောင်အယောင် အခမ်းအနား အပြည့်အစုံဖြင့် ဧည့်ဝတ်ပြုခဲ့၏။ ဗုဒ္ဓဂယာရှိ သာသနိက အဆောက်အအုံများ ပြင်ဆင်မွမ်းမံရန်လည်း ကိုယ်စားလှယ်များ စေလွှတ်ခဲ့ဖူးသည်။ အလားတူ သီဟိုဠ်နိုင်ငံ သို့လည်း ဘုရားဖူးနှင့်ကုန်သည်များ သွားရောက်ခြင်းကို အားပေးခဲ့၏။

မြန်မာတို့၏ အဋ္ဌာရသ (၁၈) ရပ်၌ 'ကေတု'ဟူသော သံတမန်အတတ်သည်လည်း ပညာရပ်တစ်ခုအဖြစ် ပါဝင်ရာ မြန်မာတို့သည် မည်သည့်အခါကမျှ အဓိကကျသော သံတမန်ဓလေ့ထုံးတမ်းတို့နှင့် မကင်းဝေးခဲ့ချေ။ မြန်မာနိုင်ငံသည် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့လက်ထက်၌ ကျယ်ပြန့်သော နိုင်ငံတော်ကို စည်းရုံးသိမ်းသွင်း တည်ထောင်နိုင်ခဲ့သည်။ ထိုကာလများ၌ သီရိလင်္ကာ၊ အာသံ၊ မဏိပူရ၊ ဘင်္ဂလား၊ အိန္ဒိယ၊ တရုတ်၊ လင်းဇင်း(လာအို)၊ ဇင်းမယ်၊ အယုဒ္ဓယ(ထိုင်း)၊ အာနမ်နှင့် ချမ်ပါ(ဗီယက်နမ်)၊ ယွန်း(ကမ္ဘောဒီးယား)၊ မလေးစသည်တို့နှင့် နိုင်ငံရေး၊ သံတမန်ရေး၊ ယဉ်ကျေးမှုတို့အရ ကူးလူးဆက်ဆံခဲ့ကြသည်။

ဘုရင့်နောင်လက်ထက်တွင် သီဟိုဠ်နှင့် ပေါ်တူဂီပိုင် ဂိုအာသို့ သံအဖွဲ့ စေလွှတ်ခဲ့သည်။ စွယ်တော်နှင့်မြသပိတ်ကိစ္စ၊ အရောင်းအဝယ်ကိစ္စတို့ပါ၏။ အိန္ဒိယနိုင်ငံ မွန်ဂိုကေရာဇ် အက္ကဘာ(Akbar) ထံသို့ သံအဖွဲ့ စေလွှတ်ခဲ့ဖူး၍ အက္ကဘာဘုရင်ထံမှလည်း လက်ဆောင် ပဏ္ဏာနှင့် စာများရရှိခဲ့ဖူး၏။ အနောက်ဘက်လွန်မင်း လက်ထက်တွင် ဂိုအာမြို့ရှိ ပေါ်တူဂီဘုရင်ခံထံသို့ သံစေလွှတ်ခဲ့ဖူးသည်။ အနောက်ဘက် လွန်မင်းက သန်လျင်ကို ခြေကုပ်ယူ နယ်ချဲ့ခဲ့သော ပေါ်တူဂီလူမျိုး ဒီဘရစ်တိုကို ချေမှုန်းအပြီးဖြစ်သည်။

ဘုရင့်နောင်၊ တပင်ရွှေထီး၊ နန္ဒဘုရင်နှင့် အနောက်ဘက်လွန်မင်းတရားတို့ နန်းသက်များတွင် အနောက်နိုင်ငံတို့မှ ကုန်သည်များ၊ သာသနာပြုများ၊ စွန့်စားရေးသမားခရီးသည်များသည် သန်လျင်၊ ပဲခူး၊ မုတ္တမ၊ သထုံ၊ မြိတ်၊ ထားဝယ်၊ ပုသိမ်၊ ရခိုင်စသည့် ကမ်းရိုးတန်းဒေသများကို အရောက်အပေါက် များလာလေသည်။ ၁၅၁၁ ခုနှစ်တွင် ပေါ်တူဂီရေတပ်ဗိုလ်ချုပ် ဒွန်အယ်လ်ဖွန်ဆေးသည် ပဲခူးဘုရင်နှင့် အဆင်ပြေသဖြင့် ၁၅၁၆ခုနှစ်တွင် ပေါ်တူဂီတို့ မုတ္တမ၌ကုန်သွယ်ရေးကိုယ်စားလှယ် သံရုံးဖွင့်ခွင့်ရခဲ့သည်။ ထိုအချိန်မှစ၍တဖြည်းဖြည်း ဒတ်(ချ်)၊ပြင်သစ်၊ အင်္ဂလိပ်တို့နှင့် ပုံစံအမျိုးမျိုးဖြင့် အဆက်အသွယ်များ များပြားလာခဲ့၍ အလောင်းဘုရားတည်ထောင်သည့် ကုန်းဘောင်ခေတ်ဘုရင်များ လက်ထက်၌မူ နိုင်ငံရေး၊ သံတမန်ရေး ဆက်သွယ်မှုများသည် အထွတ်အထိပ်သို့ တိုးမြှင့်ရောက်ရှိလာခဲ့လေသည်။ မြန်မာနိုင်ငံ၏ ထီးနန်းတည်မြဲရေး၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေး မဆုံးရှုံးစေရေးအတွက် နိုင်ငံရေး၊ သံတမန်ရေးအရ လေဆန်၊ ရေဆန်လှော်ရသကဲ့သို့ အခက်အခဲ အကျပ်အတည်းဆုံး အချိန်ကို ရင်ဆိုင်ခဲ့ရလေသည်။

မြန်မာမင်းများလက်ထက်က တစ်မင်းနှင့်တစ်မင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရေးတာဝန်ပေးခြင်း ခံရသူကို တမန်အမတ်ဟု ခေါ်သည်။ အမတ် ၁၄ ပါး၌ တစ်ပါးအပါအဝင်ဖြစ်သော တမန်ကို ငါးမျိုးခွဲခြားထား၏။ **(၁) တမန်တော်၊ (၂) သံတော်၊ (၃) တံဆေးတော်၊ (၄) သံ့သေးတော်၊ (၅) မင်းစေတော်**တို့ ဖြစ်၏။

မြန်မာ့တမန်မှုတွင် **(က) နရပတိစည်သူမင်း၏ ဆရာတော် သျှင်ဓမ္မသီရိရေးသည့် အရမ္မဒူတေယျ မြန်မာတမန်မှုကျမ်း။ (ခ) စတုရင်္ဂအမတ်ကြီးက မိုးညှင်းမင်းတရားထံ လျှောက်တင်သော တမန်ငါးပါးလင်္ကာ။ (ဂ) မုံရွေးဆရာတော် မုံရွေးမှတ်စုတွင်ပါသော တိုင်းရေးပြည်ရေးနှင့်စေသောတမန်ငါးပါးဖွင့်ဆိုချက်။ (ဃ) ပုဂံမင်းအား စလေဆရာကြီးဦးပုည သီကုံးတင်ဆက်သော တမန်ငါးပါး ဖွင့်ဆိုချက်တေးထပ်။ (င) ကင်းဝန်မင်းကြီး ပိဋကတ်တိုက် ပုရပိုက်မူပါ တမန်ငါးပါးတေးထပ်နှင့်(စ) မင်းကြီးမဟာသီရိဇေယျသူ၏ ကဝိလက္ခဏာဒီပနီကျမ်းတွင်ပြသော ရာဇသံစာတမ်းဟောင်းများအရ တမန်ငါးပါးစသည်တို့သည် ကိုးကား လိုက်နာရသော ရှေးခေတ်သံတမန်ဥပဒေသများဖြစ်၏။**

ကုန်းဘောင်ခေတ်တွင် အနောက်နိုင်ငံများသို့ ရောက်ဖူးပြီး အနောက်နိုင်ငံ သံခင်း၊ တမန်ခင်းဆိုင်ရာ နည်းစနစ်နှင့် ဓလေ့ထုံးစံတို့ကို ကျွမ်းကျင်တတ်သိသော ဝန်ကြီး၊ မှူးကြီး၊ သံကြီး၊ တမန်ကြီးများ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ဘုရင်၏အမိန့်အရ အနောက်နိုင်ငံများတွင် ကျင့်သုံးသည့် သံတမန်အမျိုးအစား ခွဲခြားပုံနှင့် မြန်မာတို့ အစဉ်အလာခွဲခြားပုံကို လေ့လာဆန်းစစ်ပြီး **"သိုးဆောင်းနိုင်ငံသံတမန် စာတမ်း"** အမည်ဖြင့် အစီရင်ခံစာတစ်ရပ် တင်သွင်းခဲ့ဖူးသည်။

သိုးဆောင်းနိုင်ငံ သံတမန်စာတမ်းကို ဘုရင်ထံ တင်သွင်းရန် တာဝန်ပေးအပ်ခြင်းခံရသော မြန်မာသံတော်ကြီးများမှာ **(၁) နိုင်ငံခြားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ (၂) နိုင်ငံခြားဝန်ထောက်မင်းကြီး မဟာမင်းကျော်ရာဇာ၊ (၃) မင်းကြီးမဟာသီရိဇေယျသူ၊ (၄) မင်းကြီးသီရိမဟာနန္ဒကျော်ထင်၊ (၅) ကုလားစုဝန်စု နိုင်ငံခြားဆိုင်ရာ မင်းကြီး မဟာမင်းခေါင်ရာဇာ၊ (၆) မင်းကြီး မင်းလှမဟာဇေယျသင်္ကြံ၊ (၇) မင်းကြီးမင်းလှမဟာစည်သူကျော်၊ (၈) မင်းကြီး မင်းထင်မဟာစည်သူ၊ (၉) မဟာမင်းလှသင်္ခယာ၊ (၁၀) မဟာမင်းလှရာဇာ၊ (၁၁) နေမျိုးမင်းထင်သူရိန်နှင့် (၁၂) နေမျိုးမင်းလှရာဇာ**တို့ဖြစ်သည်။

"သိုးဆောင်းနိုင်ငံ သံတမန်စာတမ်း"တွင် အနောက်နိုင်ငံစနစ်အရ တမန်လေးမျိုးကို မြန်မာ့စဉ်လာ တမန်ငါးမျိုးနှင့်ယှဉ်၍ အဆင့်ဆင်တူညီမျှမှုကို ဖွင့်ဆိုရှင်းလင်းထားလေသည်။ သံတမန်အဆင့်အတန်းအလိုက် မည်သည့်အမျိုးအစားသည် မင်းခမ်းမင်းနား ပရိတိုကောအရ မည်သည့်အဆင့်၌ နေရာယူရသည်ကိုလည်း ဖော်ပြထားသည်။ အနောက်နိုင်ငံနှင့် မြန်မာနိုင်ငံ ကွဲပြားခြားနားပုံကိုလည်း ရှင်းလင်းထားသည်။

မြန်မာ့တမန်မှုများတွင် သံခင်းတမန်ခင်းကိစ္စ ဤမျှခိုင်မာစွာရှိပါလျက် ၁၇၉၇ခုနှစ်၌ မြန်မာနိုင်ငံ အင်္ဂလိပ် သံအဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်၍ လာဖူးခဲ့သော ကပ္ပတိန်ကောက်စ် (Capt Cox)သည် မြန်မာတို့အပေါ် ခါးခါးသီးသီး ကောက်ချက်ချခဲ့ဖူးသည်။ မြန်မာတို့သည် မည်သည့်သံတမန်မှ ကြုံတွေ့ဖူးမည်မဟုတ်ကြောင်း၊ ယဉ်ကျေးစွာ ဆက်ဆံမှုမရှိကြောင်း မမှန်မကန် ကောက်ချက်ချဖူးသည်။ မြန်မာတို့သည် သံခင်းတမန်ခင်း ညံ့ဖျင်းသူများမဟုတ်ဘဲ မိတ်သံနှင့်ရန်သံ ခွဲခြားတတ်သူများပင် ဖြစ်လေသည်။

မြန်မာနိုင်ငံတွင် သံတမန်အရာ၌ စံပြုအပ်သော သံကြီးတမန်ကြီးများ ပေါ်ပေါက်ခဲ့သည်။ ရှင်ဒိသာပါမောက္ခ၊ ကင်းဝန်မင်းကြီး၊ သံတော်ကြီး ဦးခြိမ့်၊ စကြိုသူမြတ်နှင့် မဟာပညာကျော်တို့ဖြစ်သည်။ ၁၇၅၅ ခုနှစ် အလောင်းဘုရားထံသို့ အင်္ဂလိပ်တို့၏ အရှေ့အိန္ဒိယကုမ္ပဏီက စေလွှတ်သည့် အင်္ဂလိပ်သံမှူး ဘေကာဆိုသူ ရောက်ရှိလာ၍ အလောင်းဘုရားထံ အခစားဝင်ခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီက မြန်မာတို့အား အကူအညီပေးမည်။ ရွှေလမ်း၊ ငွေလမ်းဖောက်မည်ဟု အဓိပ္ပာယ်ရသော အရှေ့အိန္ဒိယ ကုမ္ပဏီ၏ စာချွန်တော်ကို ဖတ်ပြခဲ့ရာ အလောင်းဘုရားက ရွှေလမ်း၊ ငွေလမ်းဖောက်သည်ကို လက်ခံသော်လည်း အင်္ဂလိပ်တို့၏ အကူအညီကို ငြင်းပယ်ခဲ့ဖူးသည်။ ၁၇၇၅ ခုနှစ်တွင် အင်္ဂလိပ်အရာရှိ လက်စတာ (Lester) အလောင်းမင်းတရားနှင့် လာရောက်တွေ့ဆုံ၍ ပုသိမ်မြို့တွင် အရှေ့အိန္ဒိယ ကုမ္ပဏီဖွင့်ခွင့်ကို ရယူသွားခဲ့သည်။ အလောင်းဘုရား လက်ထက်တွင် အင်္ဂလိပ်တို့က ဟိုင်းကြီးကျွန်းနှင့် ပုသိမ်တွင် အခြေချခွင့် ရရှိသွားခဲ့ပြီးနောင်အခါ အင်္ဂလိပ်တို့က မြန်မာတိုင်းရင်းသားများ၏ စည်းလုံးမှုပြိုကွဲစေရန် သွေးထိုးမြှောက်ပင့်ပေးခဲ့ခြင်း၊ မြန်မာပိုင် ရှင်မဖြူ ကျွန်းတွင် အင်္ဂလိပ်အလံစိုက်ထူခြင်းများ ဆက်တိုက် လွန်ကျူးခဲ့လေသည်။

ယခုကာလတွင် ရန်ကုန်မြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ သံတမန်များနှင့် သံရုံးဝန်ထမ်းများသည် ၎င်းတို့ပြန်ကြားရေးဌာနများမှတစ်ဆင့် သင်တန်းများဖွင့်လှစ်ကာ မြန်မာ့ပြည်တွင်းရေး၌ နားလည်မှုများ မှားယွင်းရှုပ်ထွေးအောင် လုပ်ဆောင်နေကြသည်။ နိုင်ငံရေးပါတီတစ်ခု၏ ဌာနချုပ်နှင့် ပြည်နယ်၊ တိုင်းရုံးများသို့ ဥဒဟို ဝင်၊ ထွက်သွားလာပြီး လက်သိပ်ထိုးဆက်ဆံမှုများ ပြုလုပ်နေကြသည်။

၁၉၆၁ ခုနှစ် ဗီယင်နာ သံတမန်ဆက်ဆံရေး စာချုပ်အပိုဒ် ၄၁ တွင် **"အိမ်ရှင်နိုင်ငံ၏ ဥပဒေနှင့်စည်းမျဉ်းတို့ကို သံတမန်တို့ ရိုသေ လေးစားရန် တာဝန်ရှိသည်။ အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ရှားရန်လည်း သံတမန်တို့၏ တာဝန် ဖြစ်၏"**ဟု ဆိုထားလေသည်။

"ကေတု"သံတမန်အတတ်နှင့် ဥပါယ်တံမျဉ် လေးပါးဖြစ်သည့် သာမ၊ ဒါန၊ ဘေဒ၊ ဒဏ္ဍဥပါယ်ဟူ၍ ရှိခဲ့ပါသည်။ ဥပါယ်တံမျဉ်လေးပါး ရှိသည့်အနက် ဘေဒဥပါယ် စာဏကျအမတ်ကြီး၏ အဋ္ဌာသျှတ္တရနှင့် ကမန္တတီနီတိနှင့် ယောမင်းကြီးဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းတို့က (ညီညွတ်သော) သင်းပင်းကို ခွဲခြင်းဟု ဖွင့်ဆိုထားလေသည်။ စစ်အေးလွန်ကာလနောက်ပိုင်းတွင် နိုင်ငံတကာ သံခင်းတမန်ခင်းလောက၌ အနောက်အုပ်စု သံတမန်ကြီးများက မိမိတို့၏ သံတမန် လွတ်လပ်ခွင့်ဟူသော အခွင့်အရေး အသုံးချလျက် ဘေဒဥပါယ်မည်သည့် ညီညွတ်သော သင်းပင်းကို ခွဲခြင်းကို ဆောင်ရွက်ခဲ့ကြလေသည်။

ယခုအခါ မွန်မြတ်သန့်စင်သော သံတမန်လုပ်ငန်းသည် ညစ်ထွေး ညှိုးနွမ်းလျက်ရှိလေပြီ။ သံတမန် ဆက်ဆံရေးသည် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးတွင် ရှေ့တန်းစစ်မျက်နှာ (First Line Defence) ဖြစ်သည်ဟု ဆိုစကားရှိပေသည်။ ဘေဒဥပါယ်သည် သံတမန် ကျင့်ဝတ်မဟုတ်ကြောင်း သိမြင်ကြမှသာ နိုင်ငံတကာမျက်နှာစာတွင် သံခင်းတမန်ခင်းကိစ္စသည် လူရိုသေ ရှင်ရိုသေဖြစ်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**စစ်အေးလွန် ကာလနောက်ပိုင်းတွင် နိုင်ငံတကာ သံခင်းတမန်ခင်းလောက၌ အနောက်အုပ်စု သံတမန်ကြီးများက မိမိတို့၏ သံတမန်လွတ်လပ်ခွင့်ဟူသော အခွင့်အရေး အသုံးချလျက် ဘေဒဥပါယ် မည်သည့် ညီညွတ်သော သင်းပင်းကို ခွဲခြင်းကို ဆောင်ရွက်ခဲ့ကြ။**

**ယခုအခါ မွန်မြတ်သန့်စင်သော သံတမန်လုပ်ငန်းသည် ညစ်ထွေး ညှိုးနွမ်းလျက်ရှိ။ သံတမန်ဆက်ဆံရေးသည် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးတွင် ရှေ့တန်းစစ်မျက်နှာ (First Line Defence) ဖြစ်သည်ဟု ဆိုစကားရှိ။ ဘေဒဥပါယ်သည် သံတမန်ကျင့်ဝတ် မဟုတ်ကြောင်း သိမြင်ကြမှသာ နိုင်ငံတကာ မျက်နှာစာတွင် သံခင်းတမန်ခင်းကိစ္စသည် လူရိုသေရှင်ရိုသေ ဖြစ်မည်။**

# ရဲနွယ်တမံ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုအခြေအနေများ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် အောက်တိုဘာ ၂၄

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ၂၁ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ၌ ရေဝင်ရောက်မှုအခြေအနေနှင့် ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ၌ ရေဝင်ရောက်မှုအခြေအနေနှင့် ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ရဲနွယ်ရေလှောင်တမံအတွင်း ပိုလျှံရေများရေပိုလွှဲအမှတ်(၁)နှင့် အမှတ်(၂) တို့မှ ချောင်းအတွင်း စီးဝင်မှုအခြေအနေနှင့် ရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရဲနွယ်ရေလှောင်တမံသည် ယခုနှစ်စက်တင်ဘာလ ဒုတိယပတ်မှစ၍ ရေပြည့်သိုလှောင်နိုင်သည့် ရေမှတ်ကို ကျော်လွန်ရရှိခဲ့ကာ ပိုလျှံရေမှာ ရေပိုလွှဲများမှ စီးဆင်းခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ ပင်မတမံနှင့် ရေသိုလှောင်ရရှိမှုအခြေအနေ၊ တမံအတွင်းပိုင်းနှင့် တမံအပြင်ပိုင်းကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ခံများအား ထိန်းသိမ်းရေးလုပ်ငန်းများ မှာကြားသည်။

ရဲနွယ်ရေလှောင်တမံသည် ယခုနှစ်တွင် ရေပြည့်ပမာဏ သိုလှောင်ထိန်းသိမ်းထားရှိနိုင်ကြောင်း၊ ယင်းသို့ စီးဝင်ရေအား သိုလှောင်ထိန်းသိမ်းနိုင်မှုကြောင့် ယခုနှစ်တွင် မိုးပိုမိုရွာသွန်းခဲ့သော်လည်း ရန်ကုန်-မန္တလေးကားလမ်းကို ရေလွှမ်းမိုးခြင်းမရှိတော့ဘဲ အနိမ့်ပိုင်းဒေသများ၌ ရေလွှမ်းမိုးမှုပမာဏလျော့နည်းခဲ့ကြောင်း သိရှိရသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရေဝင်ရောက်မှုအခြေအနေ၊ သိုလှောင်မှုအခြေအနေနှင့် ရေလွှဲဆည် တည်ဆောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူးက ဖြူးမြို့နယ်၌ တည်ဆောက်လျက်ရှိသော ဖြူးရေလှောင်တမံဘက်စုံစီမံကိန်း၏ တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မည်**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရဲနွယ်ရေလှောင်တမံ ဘက်စုံ စီမံကိန်း၌ အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက တည်ဆောက်နေသည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် စက်ရုံအတွင်း၌ စက်များတပ်ဆင်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းမ၌ လုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ရဲနွယ်ရေအားလျှပ်စစ်စက်ရုံမှ မကြာမီကာလအတွင်း လျှပ်စစ်ဓာတ် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

## မေဒိနီကျောင်းတိုက် ဘုံကထိန်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်ကြီး၏ အကြိမ်(၆၀)မြောက် ဘုံကထိန်တော်ကို နိုဝင်ဘာ ၄ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါနေ့တွင် ၂၀၀၆ခုနှစ် မတ်လ၊ဧပြီလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရစစ် စာမေးပွဲတွင် အောင်မြင်တော်မူသော မေဒိနီကျောင်းတိုက်ကြီး၏ စာအောင် သံဃာတော်၊စာချဆရာတော်၊ ဝါတွင်းသီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာတော်များအား ပူဇော်ကန်တော့ပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



မိဘများ ဖြစ်သော ဦးဘအေး-ဒေါ်တင်ရွှေ၊ ခင်ပွန်း ဦးအေးပိုနှင့် ညီမ၊ မောင်တို့အား ရည်စူး၍ **ဒေါ်သောင်းသောင်း** မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# မြက်ခင်းတုဟော်ကီအားကစားကွင်း သိမ်ဖြူကွင်း၌တည်ဆောက် ကုန်ကျစရိတ် အနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၂၄

**မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၏ သိမ်ဖြူဟော်ကီအားကစားကွင်းတွင် တည်ဆောက်လျက်ရှိသော မြက်ခင်းတုဟော်ကီအားကစားကွင်းနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်၊ ဦးကျော်ကျော်လှိုင်နှင့် M M M ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးကျော်မင်းတို့ တက်ရောက်ကြသည်။**

**မှာကြား**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကုန်ကျစရိတ်အနည်းဆုံးဖြင့် မြက်ခင်းတုဟော်ကီအားကစားကွင်း အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းတည်ဆောက်သွားရန် မှာကြားသည်။

ညှိနှိုင်း အစည်းအဝေးအပြီးတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့်အားကစားကဏ္ဍ ပူးပေါင်းမြှင့်တင်ရေး အစီအစဉ်အရ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ မြန်မာနိုင်ငံသို့ ကူညီပံ့ပိုးသော မြက်ခင်းတုနှင့် ပတ်သက်သည့် ပစ္စည်းများပါဝင်သော ကုန်သေတ္တာများ တရားဝင် လွှဲပြောင်းပေးသည့် စာချွန်လွှာကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကိုယ်စား Polytan ကုမ္ပဏီ၏ ဒေသခံကိုယ်စားလှယ်ဖြစ်သူ The Modern Builders International Ltd. အမှုဆောင်ဒါရိုက်တာ Mr. Ahmed Hashin Munnee က ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံသို့ပေးအပ်သည်။**(အောက်ပုံ)**



မြက် ခင်း တုဟော်ကီအားကစားကွင်းအတွက် ပတ်သက်သည့် ပစ္စည်းများ ပါဝင်သော ကုန် သေတ္တာ များသည် အောက်တိုဘာ ၂၂ ရက် တွင် ရန်ကုန် ဆိပ်ကမ်း Asia World ကုန်သေတ္တာ စခန်းသို့ ရောက် ရှိ ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မီတာဖတ်စာရေးများသည် ပြည်သူနှင့်အများဆုံးထိတွေ့ရ ယဉ်ကျေးစွာ ပြောဆိုဆက်ဆံ၊ မှန်မှန်ကန်ကန် ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၄

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှဗိုလ်မှူးကြီးခင်မောင်စိုး၊ အင်ဂျင်နီယာချုပ်ဦးထွန်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၂ရက်က အလုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် စမ်းချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ရောက်ရှိရာ ရှေးဦးစွာ အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်က (၃၃/၆ဒသမ၆) ကေဗွီဓာတ်အားခွဲရုံများမှ ဓာတ်အားကို ဖီဒါများအလိုက် ဓာတ်အားပေးထားမှုအခြေအနေ၊ ဓာတ်အားခကောက်ခံရရှိမှုအခြေအနေနှင့် ဓာတ်အားပျောက်ဆုံး ဆုံးရှုံးမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။**

ထို့နောက် စမ်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစံအေးကလည်း မြို့နယ်အတွင်းသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ မြို့နယ်အတွင်းရှိ တပ်ဆင်ထားရှိသော ထရန်စဖော်မာများ၊ မြို့နယ်အတွင်း System Improvement ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားသုံးစွဲမှု အမျိုးအစားတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

**ထိတွေ့ဆက်ဆံ**

ဆက်လက်၍ ဝန်ကြီးက အမှာစကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အလုံ၊ စမ်းချောင်းမြို့နယ်ရှိ မီတာဖတ်စာရေးများ တစ်ဦးချင်း ဖတ်ရှုရသည့် အိမ်ထောင်စုစာရင်း၊ လယ်ဂျာများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ပြည်သူနှင့်အများဆုံး ထိတွေ့ဆက်ဆံရသည့် ဝန်ထမ်းများဖြစ်သည်နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံ ပြောဆိုစေလိုကြောင်းနှင့် တိကျမှန်ကန်မှုကို အလေးအနက်ထား၍ မှန်မှန်ကန်ကန်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်ရုံးအတွင်းနှင့် အရေးပေါ်မီးပျက်ပြုပြင်ရေး ဌာနသို့ရောက်ရှိပြီး မီးပျက်ပြုပြင်ရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ အရေးပေါ်မီးပျက်မှုဖြစ်ပေါ်ပါက ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးကို ဆောင်ရွက်စေလိုကြောင်း၊ လျှပ်စစ်အန္တရာယ်မရှိအောင် အလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**လျင်မြန်စွာ**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် (၃၃)ကေဗွီ မရမ်းကုန်းဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားထိန်းချုပ်ခန်းမ၌ ဓာတ်အားခွဲရုံမှူး ဦးဌေးဝင်းက မိမိ၏ ဓာတ်အားခွဲရုံသို့ လှော်ကား ဓာတ်အားပေးစက်ရုံနှင့် ရွာမဓာတ်အား ပေးစက်ရုံတို့မှ ဓာတ်အားလက်ခံရယူ၍ အရေးကြီးနေရာ ဒေသများသို့ ဓာတ်အားဖြန့်ဖြူးထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ရန်ကုန်မြို့အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေသောဓာတ်အား ကွန်ရက်စနစ်အတွင်း ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပါက အရေးကြီး နေရာဒေသများသို့ ဓာတ်အား ပြန်လည်လျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**စီမံချက်ရေးဆွဲ**

ယင်းနောက်က ဝန်ကြီးက မိမိတို့ ဝန်ထမ်းများအနေဖြင့် ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပါက ဓာတ်အားကို လျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဓာတ်အားစနစ်ကို ပိုမိုတောင့်တင်းစေရန်အတွက် ယခုထက်ပိုမို၍ စီမံချက် အစီအစဉ်များ ရေးဆွဲ၍ ဓာတ်အားစနစ်ပိုမို ကောင်းမွန်အောင် ဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားပြီး ဓာတ်အားဖြန့်ဖြူးပေးနေသော ဓာတ်အားထိန်း ခလုတ်များနှင့် ဓာတ်အားထိန်းခလုတ်တလင်းအတွင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နှစ်ဖက်သော မိဘများအား ရည်စူး၍ အမှတ်၄(အီး) မေခလမ်း မရမ်းကုန်းမြို့နယ်နေ ပါမောက္ခ ဒေါက်တာဦးသာအောင်-ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မကြီး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။** (က-ပ)

# မြန်မာ့ပရိဘောဂပစ္စည်းများ ပြည်သူများကြည့်ရှုလေ့လာ ပြည်တွင်း၊ပြည်ပဈေးကွက်သစ်များရရှိစေနိုင်မည်

**သတင်း၊မြင်ကွင်း–မြင့်မောင်စိုး၊ ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)**

ရန်ကုန် အောက်တိုဘာ ၂၄

**မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။ အောက်တိုဘာ ၂၄ရက် နှင့် ၂၅ရက်တို့တွင် အများပြည်သူတို့အား ဖွင့်လှစ်ပြသသည့်ရက်များဖြစ်သည်။**

မြန်မာ့အလင်းသတင်းအဖွဲ့သည် မြန်မာပရိဘောဂပညာရှင်များ၏ လက်ရာမြောက် ပရိဘောဂများ၊ အသုံးပြု စက်ကိရိယာများအကြောင်း လေ့လာတင်ပြနိုင်ရန်အဆိုပါပြပွဲသို့ သွားရောက်လေ့လာခဲ့သည်။

ပြခန်းဝင်းအတွင်းသို့ ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် မြန်မာ့ပရိဘောဂ ပြပွဲ–၂၀၀၆ မုခ်ဦးဆိုင်းဘုတ်ကြီးက အခန့်သား ဆီးကြိုနေသည်။ ပြခန်းရှေ့မျက်နှာစာသစ် အချောထည်ထုတ် စက်ကိရိယာအချို့ကိုလည်းလာရောက်ပြသထားသည်ကိုလည်း တွေ့ရသည်။

ပြခန်းအတွင်း၌ အနုပညာလက်ရာမြောက် ပရိဘောဂကုမ္ပဏီများ၏ ပြခန်းများ၊သစ်အချောထည်ထုတ် စက်အမျိုးမျိုးပြခန်းများ၊ ကြိမ်နှင့်ဝါးထည် ပရိဘာဂပြခန်းများစသည်ဖြင့် အမျိုးစုံအောင် ပြသထားသည်။

မြန်မာ့ပရိဘောဂပြပွဲသည် မြန်မာလူမျိုးတို့၏ ပရိဘောဂလုပ်ငန်းတွင် အောင်မြင်တိုးတက်မှုများကို စုစည်းဖော်ထုတ်ပြသရာ နေရာလည်းဖြစ်သည်။

ယင်းပရိဘောဂပြပွဲတွင် ပရိဘောဂကို ချစ်မြတ်နိုးသူများ၊ ပရိဘောဂလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားများ လာရောက် ကြည့်ရှုလေ့လာကြောင်း တွေ့ရသည်။

အဆိုပါ ပြပွဲအတွင်း ခင်းကျင်းပြသလျက်ရှိသော အီးယူ Woodworking Machinery Sale and Service Centreမှ ဦးကံနောအား ခင်းကျင်းပြသထားသည့် စက်များအကြောင်း မေးမြန်းရာ "ကျွန်တော်တို့ကုမ္ပဏီမှ သစ်အချောထည် ထုတ်လုပ်ပေးနိုင်သည့် စက်ကြီးများကို ပြည်ပမှ တင်သွင်း ဖြန့်ဖြူးရောင်းချပေးပါတယ်။ ဒီစက်ကြီးတွေက ပါကေးပြင်နှင့် ကြမ်းခင်းပြင်အမျိုးမျိုးကိုလည်း ထုတ်ပေးနိုင်ပါတယ်။ ဒီလိုစက်ကြီးတွေ မြန်မာနိုင်ငံမှာ ဖြန့်ဖြူးပေးနိုင်ခြင်းကြောင့် သစ်လုပ်ငန်းရှင်များအနေဖြင့် ယခင်က ကုန်ကြမ်းဖြင့်တင်ပို့ရာက ကုန်ချောထုတ်လုပ်တင်ပို့နိုင်တဲ့အတွက် အကျိုးအမြတ်ပို၍ ရရှိစေနိုင်ပါတယ်" စက်ကြီးတွေအတွက် လိုအပ်တဲ့ စက်အရန်ပစ္စည်းတွေကိုလည်း လှိုင်သာယာမြို့နယ် ဘုရင့်နောင်လမ်းမကြီးဘေးတွင် ဖွင့်လှစ်ရောင်းချပေးပါတယ်" ဟု၍ မြန်မာ့အလင်းသို့ ပြောကြားသည်။

**ဘေးထွက်ပစ္စည်း**

တစ်ဖန် Lucky Man ကုမ္ပဏီမှ ဦးစန်းအောင်က "ကျွန်တော်တို့ကုမ္ပဏီက သစ်ဘေးထွက်ပစ္စည်းများကို ပရိဘောဂအဖြစ် ထုတ်လုပ်ပေးပါတယ်။ ထန်းမြစ်နှင့် သစ်မြစ် အမျိုးမျိုးကို လက်ရာမြောက် ပရိဘောဂအဖြစ် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ ထန်းမြစ်ကိုစားပွဲအဖြစ်လည်းကောင်း၊ ပန်းအလှအိုးအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါတယ်။ သဘာဝအလျောက် ပရိဘောဂများကိုတီထွင် ဖန်တီးထားခြင်းဖြစ်၍ နိုင်ငံခြားသားများ အထူး စိတ်ဝင်စားမှုရှိပါတယ်"ဟု ပြောကြားသည်။

ထို့နောက် Win & Win Production ကုမ္ပဏီမှ ဦးသန်းမြင့်ကလည်း "ကျွန်းသစ်ခွဲသားအမျိုးမျိုး၊ ကျွန်းသစ်ပါးလွှာအမျိုးမျိုး၊ သစ်မာသစ်ပါးလွှာနှင့် အထပ်သားအမျိုးမျိုး ထုတ်လုပ်ပေးနေကြောင်း၊ ပြည်ပတင်ပို့မှုအပိုင်းအနေဖြင့် အိန္ဒိယ၊ အရှေ့အလယ်ပိုင်း၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့နေကြောင်း ပြောကြားသည်။



**အီးယူကုမ္ပဏီမှ တင်သွင်းသည့် သစ်အချောထည်ထုတ် စက်ကြီးများကိုလည်း ဤသို့တွေ့ရသည်။** ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

**ထုတ်လုပ်ရောင်းချ**

ယင်းနောက် Home Collection ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးမောင်မောင်အောင်က "ကျွန်တော်တို့ကုမ္ပဏီက ပရိဘောဂနှင့် ပန်းပုအနုပညာပစ္စည်းများ ထုတ်လုပ်ရောင်းချပါတယ်။ ပြခန်းကို သဃ်န်းကျွန်း မြို့နယ် အမှတ် ၈၂ သုဓမ္မာလမ်း၌ ခင်းကျင်းပြသ ဖွင့်လှစ်ရောင်းချပါတယ်။ ထုတ်လုပ်တဲ့ပစ္စည်းများကိုတော့ ဥရောပဈေးကွက်မှာ အများဆုံး တင်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

**ကြိမ်နှင့်ဝါး**

ကြိမ်၊ဝါး လုပ်ငန်းရှင်များ အလုပ်အမှုဆောင် ဦးမြသိန်းကလည်း "ကျွန်တော်တို့ ဒီပြပွဲမှာ ကြိမ်နှင့်ဝါး လုပ်ငန်းလက်မှုထည်ပစ္စည်းကုမ္ပဏီ ၂၁ ခုက ပူးပေါင်းပြသထားပါတယ်။ ဒီအထဲမှာ ကြိမ်လက်မှုထည်ကုမ္ပဏီ ၁၆ခု၊ ဝါးလက်မှုထည်ကုမ္ပဏီငါးခုပါဝင်ပါတယ်။ စက်မှုထွန်းကားတဲ့ နိုင်ငံအများစုက ကျွန်တော်တို့ ကြိမ်ထည်နှင့် ဝါးထည် အနုပညာပစ္စည်းများကိုပို၍နှစ်သက်ကြပါတယ်။

အများအားဖြင့် ကြိမ်ထည်နှင့်ဝါးထည်ပစ္စည်းတွေကို ဥရောပနှင့် အမေရိက ဝယ်ပါတယ်။ ဥရောပမှာဆိုရင် ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့ ဝယ်ယူကြပါတယ်။ ပြည်ပ Trade Fair တွေမှာလည်း သွားရောက်ပြသ ရောင်းချပေးပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ကို လုပ်ငန်းရှင်များနှင့် အများပြည်သူများအား ယခုကဲ့သို့ ဖွင့်လှစ်ပြသနိုင်ခြင်းဖြင့် မြန်မာ့ပရိဘောဂ ပစ္စည်းများ အဆင့်မြင့်မားမှုကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သကဲ့သို့ ဈေးကွက်သစ်များလည်း ရရှိလာမည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**Home Collectionကုမ္ပဏီမှ တင်သွင်းသည့် ပန်းပုလက်ရာများကို နိုင်ငံခြားသားများ ဤသို့ ကြည့်ရှုလေ့လာခဲ့ကြသည်။**
ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)





**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် ရဟန်းတော်များအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ရန်ကုန်မြို့ ဒေါပုံမြို့နယ်နေ (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၁/၂၀၀၀အဖွဲ့ခေါင်းဆောင်)ဗိုလ်ကြီးမောင်မောင်(ငြိမ်း)–ဒေါ်ခင်ဝေမိသားစုက ကွယ်လွန်သူမိဘများအားရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်၄၂ (ပထမထပ်) ဦးမျိုးသန့်နေအိမ်၌ အလှူငွေကျပ်တစ်သိန်းကို ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် ဦးရာဇိန္ဒ(နာလန္ဒာ)၏ရှေ့မှောက်၌ အမှုဆောင်ဒေါ်ကေသက်မော် လက်ခံယူစဉ်။** (က–ပ)

## ကျိုက္ကစံဆံတော်ရှင် မသိုးသင်္ကန်းပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင်သဃ်န်းကျွန်းမြို့နယ်၌ တည်ရှိတော်မူသော သမိုင်းဝင်ဆုတောင်းပြည့် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်၏ နှစ်စဉ် ကျင်းပမြဲ ဖြစ်သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာရက်ကန်းခတ်ယှဉ်ပြိုင်ပူဇော်ပွဲကို ဂေါပက အဖွဲ့က ကြီးမှူး၍ စေတီတော်ရင်ပြင်စနေထောင့်ရှိ ဗဟိုမင်္ဂလာမဏ္ဍပ်၌ ၁၃၆၈ ခု တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၃ ရက်) ည ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဆုကြေးငွေအဖြစ် ပထမဆုငွေကျပ် ၉၀၀၀၀၊ ဒုတိယဆုငွေကျပ် ၈၀၀၀၀၊ တတိယဆုငွေကျပ် ၇၀၀၀၀၊ စတုတ္ထ ဆုငွေကျပ် ၆၀၀၀၀၊ပဉ္စမဆုငွေကျပ် ၅၀၀၀၀ အသီးသီးချီးမြှင့်ပေးမည် ဖြစ်ကြောင်း သတင်း ရရှိသည်။ **(က–ပ)**

## ရန်ကုန်–မန္တလေး ဈေးသင်္ဘောပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရန်ကုန်–မန္တလေး မြဧရာဈေးသင်္ဘောကြီးနှင့် ဈေးတွဲနှစ်တွဲတို့သည် စဉ့်ပစ္စည်း၊ ထုံး၊ ပဲဖတ်၊ ကျောက်ပစ္စည်း၊ ပရိဘောဂ၊ ဌာနဆိုင်ရာနှင့် အထွေထွေကုန်ပစ္စည်းများတင်ဆောင်ပြီး မန္တလေးမြို့မှ အောက်တိုဘာ ၃ ရက်တွင် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ အောက်တိုဘာ ၂၂ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါမြဧရာ ဈေးသင်္ဘောကြီးနှင့် ဈေးတွဲနှစ်တွဲတို့တွင် ပါရှိလာသော ရန်ကုန်အတွက် ကုန်တန် ၉၅၅ တန်အား အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းမှစ၍ ဗိုလ်တထောင် အမှတ်(၆) တံတားတွင် စနစ်တကျ ထုတ်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅–၁၀–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | အတီးပြိုင်ပွဲ |
| ၈း၀၀ | ၆။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈း၁၅ | ၇။ | အဆိုပြိုင်ပွဲ |
| ၈း၂၀ | ၈။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading |
| ၁၆း၄၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) [သင်္ချာ] |
| ၁၆း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၀၅ | ၆။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇း၁၀ | ၇။ | မြန်မာစာ မြန်မာစကား |
| ၁၇း၂၀ | ၈။ | **"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်) |
| ၁၇း၃၀ | ၉။ | သီချင်းကြီးပဒေသာ |
| ၁၇း၄၀ | ၁၀။ | **"ဒီအိုတီအက်စ်"** ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း (ဒါရိုက်တာ–သိန်းဟန်) |
| ၁၇း၅၀ | ၁၁။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၈း၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၄။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၁၉း၀၅ | ၁၅။ | ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ |
| ၁၉း၁၅ | ၁၆။ | ယှဉ်စည်းကမ်းလမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာမူလတန်းအဆင့်) |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ |
| | ၂၁။ | မြန်မာရုပ်ရှင် **"ပန်းပန်လျက်ပါ"** ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ဌေး၊ ဘေဘီနွဲ့ (ဒါရိုက်တာ–ချစ်ခင်) |

## နတ်တလင်းအထကအာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၄**

ပဲခူးတိုင်း နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၄၉ မှ ၂၀၀၆ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအားတပည့်ဟောင်းများက စုပေါင်း၍(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၄ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီနှင့် နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)၏ နတ်တလင်းပညာရည်ချွန်ဆုပေး ပွဲကို ထိုနေ့နံနက် ၉ နာရီတို့တွင် နတ်တလင်းမြို့ အထက်တန်းကျောင်း မနောဟဒယခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် ကန်တော့ခံမည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများ ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန် နိုးဆော်ထားသည်။ အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်ဝင်းကြည် ဖုန်း ၀၁–၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း ၀၁–၆၆၆၂၇၈၊ ဦးလှသန်း ဖုန်း–၀၁–၅၃၇၈၃၉၊ ဒု–ဗိုလ်မှူးကြီးခင်အောင်(ငြိမ်း) ဖုန်း ၀၁–၆၁၁၀၄၅၊ ဒု–ရဲမှူးကြီးသိန်းထွန်း(ငြိမ်း) ဖုန်း ၀၁–၅၈၄၃၀၅၊ ဦးမြင့်(မြို့နယ်ပညာရေးမှူး၊ နတ်တလင်းမြို့)နှင့် ဒေါ်ခင်ဌေးမြင့်(ကျောင်းအုပ်ဆရာမကြီး၊ အထက နတ်တလင်းမြို့)တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

# ကမ္ဘာတစ်လွှား အားကစား

## ချယ်လ်ဆီးဂိုးသမား ပီတာချက် ဒဏ်ရာရမှု အက်ဖ်အေက စုံစမ်းစစ်ဆေးအရေးယူမည်

လန်ဒန် အောက်တိုဘာ ၂၄

**ရက်ဒင်းအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ချယ်လ်ဆီးဂိုးသမား ပီတာချက် ဦးခေါင်း ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သဖြင့် ချယ်လ်ဆီးအသင်းက အက်ဖ်အေသို့ စာရေးတိုင်ကြားခဲ့သည်။**

ယင်းတိုင်ကြားမှုနှင့်ပတ်သက်ပြီး အက်ဖ်အေက စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း အက်ဖ်အေက ပြောကြားသည်။

**တိုင်တန်း**

မိမိတို့ အက်ဖ်အေအနေဖြင့် ချယ်လ်ဆီးမှ တိုင်တန်းစာတစ်စောင်ရထားကြောင်း၊ ယင်းစာနှင့်ပတ်သက်ပြီး လိုအပ်သလို စုံစမ်းစစ်ဆေးလိမ့်မည်ဖြစ်ကြောင်း အက်ဖ်အေ၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

**ပြောကြား**

မိမိတို့သည်စုံစမ်းမှုများပြုရေးအတွက် ရက်ဒင်းအသင်းအားမေးမြန်းမည်ဖြစ်ကြောင်း၊ ထိုကိစ္စကိုအက်ဖ်အေဘုတ်အဖွဲ့က စုံစမ်းစစ်ဆေးလိမ့်မည်ဖြစ်ကြောင်းပရီမီယာလိဂ် ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ချယ်လ်ဆီးဂိုးသမား ပီတာချက်သည် ရက်ဒင်းတောင်ပံကစားသမားစတီဖင်ဟန့်နှင့် ထိခိုက်မိပြီး ဦးခေါင်းခွဲအက်သွားခဲ့သည်။ **(အင်တာနက်)**



**ရက်ဒင်းနှင့်ကစားစဉ် ဂိုးသမားပီတာချက် ဒဏ်ရာရခဲ့စဉ်။** (ဓာတ်ပုံ-အင်တာနက်)

**ရေးသားတင်ပြသူ - မြင့်မောင်စိုး**




**ရှက်ဖီးနောက်တန်းကစားသမား ဒေးဗစ်အား ဒိုင်လူကြီး ဂယ်လာဂျာက ဤသို့ အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

## ရှက်ဖီးကစားသမား ဒေးဗစ်၏အနီကတ် သက်သာလျှော့ပေါ့မှုပေးရန်မေတ္တာရပ်ခံ

**လန်ဒန် အောက်တိုဘာ ၂၄**

ရှက်ဖီးယူနိုက်တက်အသင်းသည် အဲဗာတန်နှင့်ကစားသည့်ပွဲတွင် ကလောဒီဒေးဗစ်၏ အနီကတ်နှင့်ပတ်သက်၍ လျှော့ပေါ့မှုပေးရန် အက်ဖ်အေအား ရှက်ဖီးအသင်းက မေတ္တာရပ်ခံ တောင်းပန်ခဲ့သည်။

**အနီကတ်ပြ**

အသက် ၂၇ နှစ်ရှိ အဆိုပါ ရှက်ဖီးနောက်တန်းကစားသမားသည် အဲဗာတန်အသင်းမှ အင်ဒရူးဂျွန်ဆင်အား ဂိုးရိယာအတွင်း ကြမ်းတမ်းစွာ ကစားခဲ့၍ ဒိုင်လူကြီး ဂယ်လာဂျာက အနီကတ်ပြ ထုတ်ပယ်လိုက်သည်။

ထိုကဲ့သို့ ထုတ်ပယ်ခဲ့ခြင်းကို ရှက်ဖီးနည်းပြဝါနက ဒိုင်လူကြီး ဒါမုတ်ဂယ်လာဂျာအား ပြင်းထန်စွာ ဝေဖန်ခဲ့သည်။ **(အင်တာနက်)**

## မာရှေယာနို၏လက်ကို ဒီဖိုးကိုက်ခဲ့မှု အက်ဖ်အေက အရေးယူမည်မဟုတ်ဟုဆို

**လန်ဒန် အောက်တိုဘာ ၂၄**

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်အဖြစ် တော့တင်ဟမ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တော့တင်ဟမ်တိုက်စစ်မှူး ဂျာမိန်းဒီဖိုးက ဝက်စ်ဟမ်းကစားသမားမာရှေယာနို၏ လက်ကို ကိုက်ခဲ့သည်ဟုဆိုသည်။

**အဝါကတ်ပြ**

ထိုကိစ္စနှင့်ပတ်သက်ပြီး အက်ဖ်အေက စုံစမ်းအရေးယူမည်မဟုတ်ကြောင်း၊ ယင်းကစားသမားနှစ်ဦးစလုံးကို ဒိုင်လူကြီးက အဝါကတ်ပြခဲ့ပြီးဖြစ်ကြောင်း အက်ဖ်အေ၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မန်စီးတီး နောက်တန်းလူ ဘင်သက်ချာသည် ယခုနှစ်အစောပိုင်းက ထိုကဲ့သို့ အပြုအမူကြောင့် အက်ဖ်အေက အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းသည် ပို့စ်မောက်ကွင်းလယ်ကစားသမား ပက်ဒရိုမန်းဒက်စ်၏ လက်ကို ဆောင့်ဆွဲခဲ့ကြောင်း သိရသည်။

သို့သော်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ အက်ဖ်အေက အရေးယူမှုများပြုလုပ်ခဲ့သည်။ **(အင်တာနက်)**



**ကွင်းလယ်ဒိုင်လူကြီး စတီဗင်နက်က ကစားသမားနှစ်ဦးအား ဖျန်ဖြေပေးနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဝီဂန်ကိုဂိုးပြတ်ရှုံးခဲ့၍ မန်စီးတီးကစားသမားများသတိပေးခံရ

**စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ**



**ဝီဂန်နှင့်ပွဲတွင် မန်စီးတီးမှ ရစ်ချတ်ဒန်နီ ဤသို့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် အောက်တိုဘာ ၂၄**

မန်စီးတီး ကစားသမားများအား အသင်းဥက္ကဋ္ဌ ဂျွန်ဝါဒလေက ဝီဂန်အသင်းနှင့်ကစားရာတွင် လေးဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့၍ သတိပေး ပြောကြားလိုက်သည်။

**ဝေဖန်ပြောကြား**

ယင်းရလဒ်နှင့် ပတ်သက်ပြီး အသင်း၏ ပရိသတ်က လက်ခံနိုင်စရာ အကြောင်းမရှိကြောင်း ၎င်းက ပြောကြားလိုက်သည်။ မန်စီးတီးအသင်းသည် ခြေစွမ်းရှိသည့် အသင်းဖြစ်ကြောင်း၊ ယခုရလဒ်မှာအလွန်ဆိုးရွားကြောင်း အဆိုပါ နည်းပြက ဝေဖန်ပြောကြားလိုက်သည်။

၎င်းဥက္ကဋ္ဌက မန်စီးတီးအသင်း ဂိုးပြတ် ရှုံးခဲ့မှုကြောင့် အသင်းအား ပြင်ပမှမည်သည့်ရင်းနှီးမြှုပ်နှံသူကိုမဆို ကြိုဆိုမည်ဖြစ်ကြောင်း၊ အသင်းမန်နေဂျာ စတုအတ်ပီယာဆေးကိုလည်း ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

## ဒစ်ဆနီကလပ်ဆစ်ဂေါက်သီးပြိုင်ပွဲ ဂျိုးဒူးရန့်ဖလားဆွတ်ခူး

ဖလော်ရီဒါ အောက်တိုဘာ ၂၄

**ဖလော်ရီဒါ၌ကျင်းပသော ဒစ်ဆနီကလပ်ဆစ်ဂေါက်သီးရိုက် အားကစားပြိုင်ပွဲတွင် ဂျိုးဒူးရန့်သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၅ ချက်လျှော့ရိုက်ပြီး ဖလား ဆွတ်ခူးနိုင်ခဲ့သည်။**

**ဒစ်ဆနီကလပ်ဆစ်ဖလားနှင့်အတူ ဂျိုးဒူးရန့်အား တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



ယင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ခဲ့သည့် ဂျိုးဒူးရန့်အတွက် ငါးနှစ်တာကာလအတွင်း ဖလားဆွတ်ခူးနိုင်ခြင်း မရှိမှုကို အဆုံးသတ်စေခဲ့သည်။

**ဆက်လက်ရှာဖွေနေဆဲ**

၎င်းသည် နောက်ဆုံးနေ့က ၆၅ ချက်သာ ရိုက်ခဲ့သည်။ ဒူးရန့်သည် တတိယနေ့တွင် ပြိုင်ဘက်များကို ဦးဆောင်နေသော မက်တေဆွန်နှင့် ဖရန့်လစ်လီတာတို့ထက် လေးချက်အသာရပြီး ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ဗြိတိန်မှ ရို့စ်သည် အမေရိကန်တွင် ပွဲဦးထွက်အနိုင်ရမှုကို ဆက်လက် ရှာဖွေနေရဆဲဖြစ်သည်။

အသက်၂၆နှစ်ရှိ အင်္ဂလိပ်ကစားသမား ရို့စ်သည်ကမ္ဘာ့နံပါတ်(၅) ဗီဂျေဆင်းထက် တစ်ချက်အသာရခဲ့သည်။

**လျှော့ရိုက်ခဲ့**

ရို့စ်သည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျှော့ရိုက်ချိန်တွင် ဗီဂျေဆင်းက ၁၉ ချက်သာ လျှော့ရိုက်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

## အားကစား သတင်းအတိုအထွာ

လန်ဒန် အောက်တိုဘာ ၂၄

- ချိုင်းနားအိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ်ငါးဆုချီးမြှင့်ရာတွင် တရုတ်နိုင်ငံက လေးဆု ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းအနိုင်ရသည့်ပွဲများတွင် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးနှစ်ယောက်တွဲနှင့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲများ ပါဝင်သည်ဟု ဆိုသည်။
- နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဂျက်ကွက်ရော့ဂျက်အား ပေကျင်းအားကစားတက္ကသိုလ်က အောက်တိုဘာ ၂၁ ရက်တွင်ဒေါက်တာဘွဲ့ပေးအပ်ခဲ့သည်။
- ဘိုင်ယန်မြူးနစ် နောက်တန်း ကစားသမား လူစီယိုသည်ခြေချင်းဝတ် ဒဏ်ရာရထား၍သုံးပတ် အနားယူရမည်ဖြစ်ကြောင်း၊ ယင်းမှာ ဝါဒါဘရီမင်အသင်းနှင့်ကစားစဉ် ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း ၎င်းကလပ်မှ ပြောကြားသည်။
- ချယ်လ်ဆီးအသင်းသည် ပြင်သစ်မှ အရန်ဂိုးသမား စတီဖိန်းပိုရာတိုအား ဂိုးသမားပီတာချက် ခေါင်းဒဏ်ရာရခဲ့သဖြင့် ဂိုးဝင်ဖမ်းရန် အောက်တိုဘာ၂၃ ရက်က စတင်စမ်းသပ်ခဲ့သည်။
- ပနာသီနိုင်ကော့စ် အသင်းသည် အေအီးကေအေသင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့၍ တန်းစီဇယားထိပ်ဆုံး နေရာရောက် အိုလံပီယာကို့စ်အသင်းနောက်မှ နှစ်မှတ်ကွာဖြင့်လိုက်နိုင်မည့် အခွင့်အလမ်းနှင့် လွဲချော်ခဲ့သည်။
- ယူအီးအက်ဖ်အေ ချန်ပီယံ ဆီဗီလာတိုက်စစ်မှူး ဖာဘရီရန်နိုသည် ညာဘက်ခြေထောက်ကြွက်သားဒဏ်ရာရထား၍တစ်လကြာနားရမည်ဟု ဆိုသည်။

အင်တာနက်



# စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေးလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာများဆွေးနွေး

မြင်းမူ အောက်တိုဘာ ၆

**စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့က မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာသို့ အသိပညာပေးလုပ်ငန်းများနှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများ ဆွေးနွေးဆောင်ရွက်ခြင်းများကို စက်တင်ဘာ ၁၈ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။**

ရှေးဦးစွာ ကျေးရွာနေပြည်သူများ ခြင်ကြောင့်ဖြစ်သော ရောဂါများ ကာကွယ်ရေးအတွက် ခြင်ထောင်များကိုဆေးစိမ်ကာ သရုပ်ပြသ၍ **(ဝဲပုံ)** ကျောင်းခန်းမဆောင်၌ ဟောပြောပွဲကို ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ပညာရေး ခေါင်းဆောင် ဒေါ်အောင်အောင်သန်းက ပညာရေးနှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းကျန်းမာရေးခေါင်းဆောင် ဒေါက်တာဒေါ်မြင့်မြင့်က အမျိုးသမီးများနှင့် ပတ်သက်၍သိသင့်သိထိုက်သောကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ ပြန်ကြားရေးခေါင်းဆောင် ဒေါ်သောင်းသောင်းဝင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများအကြောင်းကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေး**

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ကျေးရွာနေအမျိုးသမီးများနှင့် စကားဝိုင်းဖွဲ့ဆွေးနွေးပြီး သက်ကြီးစာဖတ်၊ စာသင်ဝိုင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(၁၆၇)**

# မိုးစပါး ဧကနှုန်းပြည့်ထွက်ရှိရေး ဓာတ်မြေဩဇာ စုပေါင်းကြဲပက်

**မြစ်ငယ် အောက်တိုဘာ ၈**

မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်သည် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်အောင်၊ ခရိုင်မြေစာရင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းနှင့် စိုက်ကြပ်အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အမရပူရမြို့ နယ် နတ်ရေကန်၊ ဆောက်တော၀၊ ဒေါင်းရွေးနှင့် ဆင်ဘိုးကျေးရွာအုပ်စုများတွင် ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် ဓာတ်မြေဩဇာစုပေါင်း ကြဲပက်ပွဲနှင့် ဇီဝမြေဩဇာစုပေါင်းပက်ဖျန်းပွဲ အခမ်းအနားကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့် အဖွဲ့အား မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဖော်တို့က ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ **(၂၀၉)**



**ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်သော အပိုင်းနင်းဂျမ်း–ဒိုက်ပျက်လမ်းအပိုင်း(၂) ကျောက်ချောခင်းရန် ကျောက်ကြီးများစုဆောင်းထားရှိမှုကို အောက်တိုဘာ ၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

**တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးပတ်လည်ရှိရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးခေါင်း ဦးသက်ဖော်သန်းနှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကိုစက်တင်ဘာ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးအေးလွင် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော နှောကုန်း–မင်းကုန်း–အရှေ့လက်ခုပ်ပင်လမ်း ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဖေယျနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်**
**၂၆–၁၀–၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ် နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ခေတ်မီစားဖိုဆောင်သုံး ဟင်းခတ်ပစ္စည်းများထုတ်လုပ်မှု အကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဖွေဖွေရှာရှာ တိုင်းရင်းဆေး ပညာ(ဒေါက်တာအောင်နိုင်)
(၂) ရခိုင်သမိုင်း ခေတ်ကာလ ပိုင်းခြားမှု မြေကြီးက သက်သေတည်သရွေ့ (ဦးရွှေဇံ–B.Sc, B.Cs)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နိုက်ထရိုဂျင်ကမ္ဘာ)(မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးပေါင်းထုပ်ဟင်းနှင့် ပဲနီလေးဟင်းချို)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၁၀ တပ်မတော်စာတိုက်

၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ရည်းစားဘဝနဲ့မနေချင်တော့ဘူး (မောင်မောင်ညွှန့်)
(၂) ကျွန်မကိုချစ်ရင် အမေ့ကိုပြောပါ (ပန်တျာခင်ခင်အေး)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ကြတ္တိယနှလုံးသား)

၁၉း၄၀ ဟန်မျိုးစုံညီ တေးကိုသီ (အသည်းစကား)
(၁) ကိုစိန်ဝင်း
(၂) စိုးစန္ဒာထွန်း
(၃) သုမောင်

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင်ဘယ်တော့မှမမုန်း (မောင်မျိုးလွင်)
(၂) မုန်းတဲ့အကြောင်းလေး ပြောပြပါ (ညွှန့်ညွှန့်စိန်)
(၃) စိမ်း (ကိုမြင့်ဆွေ)



# ရွှေတောင်မြို့ဝင် မုခ်ဦးဆိုင်းဘုတ် မြေခင်းအလှပန်းအလှပင်များပျိုးထောင်၊ ပေါင်းမြက်ရှင်းလင်း

**ရွှေတောင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ သန့်ရှင်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စီမံချက်ချ၍ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများနှင့် ရုံးဝန်ထမ်းများစုပေါင်း၍ ရွှေတောင်မြို့ဝင် မုခ်ဦးဆိုင်းဘုတ်ရှေ့ မြေခင်းအလှနေရာများတွင် ပန်းအလှပင်များပျိုးထောင်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ သစ်ပင်များ ပုံသွင်းခြင်းတို့ကိုဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ယခု ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အပတ်စဉ် စနေနေ့တိုင်းစုပေါင်း၍ မြို့သန့်ရှင်းသာယာလှပစေရန်နှင့် ပန်းအလှပင်များ ဝေဝေဆာဆာဖူးပွင့်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# စာပေနှင့် စာနယ်ဇင်း စာကြည့်တိုက်များ တည်တံ့ရေးဆွေးနွေး

**ကောလင်း အောက်တိုဘာ ၇**

ကောလင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်က မြို့နယ်ရုံးခန်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက တစ်နိုင်ငံလုံးရှိ စာပေအဖွဲ့ဝင်များ၏ သားသမီးများ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးနှင့် အထက် ဂုဏ်ထူးရရှိသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာဖတ်ရှိန်မြှင့်မားရေးနှင့် စာပေ ကျေးဇူးများကို ဟောပြောဆွေးနွေးကြသည်။ **(၀၂၆)**



**ဘုရားသုံးဆူမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ရာ မြို့တာဝန်ခံ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်လင်းတို့ ကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

# အင်းတော်၌ ကော်ဖီပင် နေ့ချင်းပြီးစိုက်ပျိုး

**အင်းတော် အောက်တိုဘာ ၅**

ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်တင့်တို့၏ ကြီးကြပ်စီစဉ်မှုဖြင့် အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာတွင် စက်တင်ဘာ ၂၀ ရက်က အမယ်သစ်(အမည်သစ်)ကော်ဖီပင် ၃၅၀၀ ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်မောင်နှင့် တောင်သူ ၅၀ တို့ နေ့ချင်းပြီး စိုက်ပျိုးကြသည်။ **(၁၃၃)**



# တောင်ငူကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ရာပြည့်အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်း

**တောင်ငူ အောက်တိုဘာ ၂၀**

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်း တောင်ငူခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ရုံးတို့တွင် ကျင်းပသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူးဦးပွင့်သူအောင်၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးသိန်းကျော်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်ကြကာ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** (၁၀၃)





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက် ကပ် လျက်တိုးချဲ့မြေ နှစ်ကေဝယ်ယူရန် အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်း အမှတ် ၅၅ နေ ဦးခင်ရွှေ၊ သား ဒေါက်တာမင်းဦး၊ သမီး မခင်ဆွေဝင်း၊ သမီးငယ် မထက်ထက်ခိုင်တို့က ဒေါ်ဝင်းစီအားရည်စူး၍ အလှူငွေကျပ်တစ်သိန်းတစ်သောင်းသုံးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# စဥ့်ကူးမြို့၌ စာကြည့်တိုက်များ မှတ်ပုံတင်ရေးဆွေးနွေး၊ စာအုပ်များလှူဒါန်း

စဥ့်ကူး အောက်တိုဘာ ၈

**စဥ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ စံပြစာကြည့်တိုက်များအဖြစ် တရားဝင် စာကြည့်တိုက် မှတ်ပုံတင်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ရက် မွန်းတည့် ၁၂နာရီက ကုက္ကိုအုပ်စု ရွာသစ်ကလေးကျေးရွာ စာပန်းရဂုံ စံပြစာကြည့်တိုက်တွင် ကျင်းပသည်။**

ရေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအုန်းမောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးဝင်းမောင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆွေးနွေးသည်။**(ယာပုံ)**



ထို့နောက် စာကြည့်တိုက် ကော်မတီဖွဲ့စည်းခြင်းနှင့် စာကြည့်တိုက် မှတ်ပုံတင်ရေး ကိစ္စရပ်များကို ကျေးရွာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရာ ကျေးရွာတာဝန်ရှိသူတို့၏ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၏ အကြံပြုတင်ပြချက်များအပေါ် ရုပ်သံကျွမ်းကျင်(၃)ဦးဝင်းမောင်က လိုအပ်သည်များ ပြန်လည် ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာပန်းရဂုံစံပြစာကြည့်တိုက်အတွက်စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# မော်လမြိုင်ရွှေတောင်ကျောင်းတိုက် မဟာဘုံကထိန်ပွဲ ကျင်းပမည်

**မော်လမြိုင် အောက်တိုဘာ ၁၃**

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် မြောက်ဘက်မုခ်ဦးရှိ ရွှေတောင်ကျောင်းတိုက်တွင် မဟာဘုံကထိန်အလှူတော်မင်္ဂလာကို နှစ်ဖက်သောမိဘများ ဖြစ်ကြသော (ဦးပွန်နား)-ဒေါ်ကျင်ကြီးနှင့် (ဦးရောင်ကျင့်)-ဒေါ်ရှုလျောင်တို့အား အမှူးထား၍ ရန်ကုန်မြို့ နတ်ချောင်းရပ်ကွက် မေတ္တာရိပ်မွန်အိမ်ရာ အမှတ် ၂၀၄ နေ ဦးအောင်ဌေး-ဒေါ်နွယ်နီဝင်း၊ သားမောင်ဝင်းထွဋ်အောင်၊ မောင်ပိုင်းမင်းခန့်၊ သမီး မအိဇာခြည်ဦး မိသားစုတို့က မတည်ဒါယကာအဖြစ် ဦးဆောင်ကာ ဒသမအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီ၌ ယင်းကျောင်းတိုက်တွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။ **(၁၆၈)**

# မြို့နယ် သတင်းများ

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်သည် စက်တင်ဘာ ၁၅ ရက်က ကျောက်ဖြူမြို့ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မြင့်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# ကုလဝတီကျောင်းတိုက် ဘုံကထိန်ပွဲကျင်းပမည်

**ဝါးခယ်မ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ရွာလယ်ရပ်ကွက် ကုလဝတီကျောင်းတိုက် ပဓာန နာယက ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓနှင့် ဝါဆိုသံဃာတော်များ၊ ပင့်သံဃာတော်များအား (၄၉)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း ၉ ရက် (အောက်တိုဘာ ၂၉ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ ကထိန်သင်္ကန်းနှင့် အလှူငွေများကို ကျောင်းတိုက် ဖုန်း-၀၄၂-၆၀၃၆၁ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**စက်တင်ဘာ ၁၆ ရက်က မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်အောင်နီနှင့် လက်ထောက်အင်ဂျင်နီယာဦးမျိုးအေးလွင်တို့ ဦးစီး၍ ဝန်ထမ်းများအဖွဲ့ခွဲကာ သီတာရပ်ကွက်၊ ဧရာဝတီမြစ်၊ ကမ်းနားလမ်း၊ ဇော်ဂျွန်းလမ်းနှင့် အောင်ဆန်းလမ်းတို့တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်ရေး ချုံနွယ်များရှင်းလင်းကြစဉ်။** (မြို့နယ်စည်ပင်)

# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့် ပေါင်မြို့၌လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပို့ချ

**ပေါင် အောက်တိုဘာ ၁၂**

ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ၁/၂၀၀၆ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၆ရက် နံနက် ၁၁နာရီက ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပေါင်မြို့နယ် အတွင်းရေးမှူး ဦးဝင်းဆန်း၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် စာထောက်(၃)ဒေါ်အေးမြင့်တို့က စာကြည့်တိုက်နှင့် ပတ်သက်သော လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပို့ချပေးကြသည်။ **(၂၆၀)**

# ရေမြှုပ်ပန့်၊ မိုနိုပန့်နှင့် လက်နှိပ်ပန့်များ ကြံ့ခိုင်ရန် စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ရေနံချောင်း အောက်တိုဘာ ၁၅**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းကို အောက်တိုဘာ ၁၀ ရက်က အဖွဲ့ရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပို့ချ**

အခမ်းအနားတွင် ကျေးရွာ ၂၀ မှ သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်နှင့် အင်ဂျင်နီယာအဖွဲ့ဝန်ထမ်းများက ရေနှင့် ပတ်သက်သော ကျန်းမာရေး ရေမြှုပ်ပန့်၊ မိုနိုပန့်များ ထိန်းသိမ်းခြင်းလုပ်ငန်း၊ လက်နှိပ်ပန့်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ရေတွင်းရေကန်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အင်ဂျင်နှင့် လေမှုတ်စက်များ ကြံ့ခိုင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် လက်တွေ့နယ်ပယ်တွင် တွေ့ကြုံရသော အခက်အခဲများကို သင်တန်းသားများနှင့် အပြန်အလှန်ဆွေးနွေးပို့ချကြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**



### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကာဇက်စတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကာဇက်စတန်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒင်နီယယ်၊ အက်(ခ်) မီတော့(ဗ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒသမနေ့ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့၏သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှု၊ မျိုးရိုးဂုဏ်ရှိန် မြင့်မြတ်ထည်ဝါမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ခံစားသိမြင်စေပြီး အနုသုခုမပညာစွမ်းပကားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မည့် အမျိုးသားရေးစွမ်းအားများ ပိုမိုထက်မြက်ခိုင်မာလာစေရန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ယနေ့တွင် ဒသမမြောက်နေ့အဖြစ် နေပြည်တော်၌ ဆက်လက်ကျင်းပသည်။

**ကျင်းပ**

ထိုသို့ယှဉ်ပြိုင်တင်ဆက်ရာတွင် အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း၊ ဂီတာအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌လည်းကောင်း၊ ဒုံမင်းအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမ၌လည်းကောင်း၊ စန္ဒရားအတီးပြိုင်ပွဲကို သစ်တောသုတေသနဌာန၌လည်းကောင်း၊ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း အသီးသီးကျင်းပကြသည်။

***စာမျက်နှာ ၇ ကော်လံ ၁*** ■

## အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

**ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ပေါက်ကျော်မ ဤသို့ပြိုင်ပွဲဝင်ခဲ့သည်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



# ရုပ်သေး "သဒ္ဒါသုမနဇာတ်တော်ကြီး" မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရုပ်သေး "သဒ္ဒါသုမနဇာတ်တော်ကြီး"ကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ပြီး အောက်တိုဘာ ၂၅ ရက်** (ယနေ့) **တွင် ဧရာဝတီတိုင်းမှ ရောလှိုင်းရုပ်စုံအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

# ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်းပြည်ပရတနာကုန်သည် ၃၁၉၄ ဦးရောက်ရှိ ကျောက်စိမ်းအတွဲပေါင်း ၁၇၅၄ တွဲ ရောင်းချရ

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ဒုတိယနေ့ရောင်းချပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုအားပေးသည်။ ***စာမျက်နှာ ၉ ကော်လံ ၃*** ●

**၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်စားစွာ ကြည့်ရှုကြစဉ်။**

(သတင်းစဉ်)



# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guang lie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့တို့၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် အောက်တိုဘာ ၂၃ ရက် ***စာမျက်နှာ ၃ ကော်လံ ၁*** ✻